# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မဂ်ဂါဏ်ရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မမေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဂါဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်၊ အင်္ဂါနေ့ အတွဲ (၆၃)၊ အမှတ်(၁၁၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၃) တွင် အမှာစကားပြောကြားစဉ်။

## နိုင်ငံ့စီးပွားရေး မောင်းနှင်အား ကောင်းမွန်စေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိက အဟန့်အတားဖြစ်သည့် တရားမဝင်ကုန်သွယ်မှုကို ယခုထက် ပိုမိုထိရောက်စွာ တားဆီးစစ်ဆေးအရေးယူ

နေပြည်တော် အောက်တိုဘာ ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၃) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

ယနေ့ *ဖတ်စရာ*

### ငြိမ်းချမ်းရေးချိုးငှက်တွေ ကမ္ဘာမြေအနှံ့ ပြေးလွှားဆော့ကစားစေ

ဆောင်းပါး စာ ၆

### ကိုယ့်အလုပ် ကိုယ်မလုပ် အရှုပ်ဖွ မီးတစ်စ ဘီအန်ပီ

ဆောင်းပါး စာ ၁၀

## ပဲခူးမြစ်ရေ ပဲခူးမြို့၌ စိုးရိမ်ရေမှတ်အထက် လေးပေကျော် (၁၂၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေ

နေပြည်တော် အောက်တိုဘာ ၉

ပဲခူးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေကျော် (၁၂၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ❒

# မျိုးဆက်သစ်များအတွက် အမွေ

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) သည် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား အသေးစိတ် အကျေအလည် ဆွေးနွေးညှိနှိုင်းသဘောတူ ရေးဆွဲခဲ့ကြခြင်းဖြင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ စကားလုံးအသုံးအနှုန်းတစ်ခုချင်းမှသည်၊ စာပိုဒ်တစ်ပိုဒ်ချင်း၊ ပုဒ်မတစ်ခုချင်း၊ အခန်းတစ်ခန်းချင်းအထိ အသေးစိတ် အကျေအလည် ညှိနှိုင်းခဲ့ကြရခြင်းဖြစ်ပြီး ကြိုတင်သဘောတူညီချက်များအနေဖြင့်မှု ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှုပြီး ပြည်သူတို့၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းကြမည်ဟူသော အချက်များပင်ဖြစ်သည်။

နိုင်ငံရေးပြဿနာကို စစ်ရေးနည်းလမ်းဖြင့် နှစ်ပေါင်းရှည်ကြာ အဖြေရှာမတွေ့နိုင်ခဲ့ကြသည့်အလျောက် နိုင်ငံရေးစားပွဲဝိုင်းတွင် ငြိမ်းချမ်းစွာ ဆွေးနွေးအဖြေရှာနိုင်ရန်အတွက် NCA ပေါ်ပေါက်လာရခြင်းပင်ဖြစ်ရာ စင်စစ်အားဖြင့် နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ကို ထူထောင်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။ သို့ဖြစ်ရာ "မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာ ဖြစ်ပွားခဲ့သောလက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ် ထူထောင်ပြီး လက်နက်ကိုင်ပဋိပက္ခအဆုံးသတ်နိုင်ရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဦးစွာဆောင်ရွက်ရန်"ဟူသော အခြေခံမူတစ်ရပ် NCA တွင် ထည့်သွင်းပါရှိနေခြင်းဖြစ်သည်။ NCA သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သက်သက်မျှသာမကဘဲ ပိုမိုကျယ်ပြန့်မြင့်မားသည့် ရည်ရွယ်ချက်များ၊ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ လိုလားချက်များကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ပေးနိုင်မည့် စစ်မှန်ခိုင်မာသည့် ထာဝရငြိမ်းချမ်းရေးလမ်းကြောင်းဖြစ်သည်။

NCA ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းသိပြည်သိ၊ ကမ္ဘာသိ ခမ်းခမ်းနားနား ကျင်းပခဲ့ခြင်းဖြစ်ရာ မကြာမီရက်ပိုင်းအတွင်း (၈)နှစ်တင်းတင်း ပြည့်မြောက်တော့မည်ဖြစ်သည်။ နှစ်ပေါင်း ၆၀ ကျော် ၇၀ စွဲကိုင်ကျင့်သုံးခဲ့ကြသည့် လက်နက်ကိုင်လမ်းစဉ်သည် အောင်မြင်မှုမရသည့်အပြင် မိမိဒေသ၊ မိမိလူမျိုးအပါအဝင်ဖြစ်သော ပြည်ထောင်စုကြီးတစ်ခုလုံးကို ထိခိုက်နစ်နာဆုံးရှုံးမှုများကိုသာ ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်ရာ နိုင်ငံရေးယဉ်ကျေးမှုနှင့်သာ အဖြေရှာသွားကြသင့်ပြီဖြစ်သည်။ ကမ္ဘာပေါ်တွင် အရှည်ကြာဆုံးဖြစ်နေပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခတို့ကို နိဂုံးချုပ်အဆုံးသတ်၍ နိုင်ငံရေးစားပွဲဝိုင်းတွင် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းကိုသာ အားလုံးပါဝင်ဆောင်ရွက်သင့်ကြပြီဖြစ်သည်။ စာချုပ်အရ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စတင်သည်ဖြင့်ပင် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုတို့ စတင်သက်ရောက်ဖြစ်ပေါ်လာကာ ငြိမ်းချမ်းရေး၏ ပဏာမရသတို့ကို ပြည်သူများ စတင်ခံစားကြရသည်။ စာချုပ်ပါသဘောတူညီချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ကြခြင်းအားဖြင့်လည်း NCA စာချုပ် လက်မှတ်ရေးထိုးပြီးနောက်ပိုင်း လက်နက်ကိုင် ပဋိပက္ခများ ထပ်မံပေါ်ပေါက်လာမည်မဟုတ်တော့။ မတော်တဆဖြစ်ပေါ်လာနိုင်သည့် ပဋိပက္ခအငယ်စားတို့မှာလည်း စာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြေရှင်းသွားကြရခြင်းသာ ဖြစ်သည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးသည် နိုင်ငံတော်၏ ပကတိလိုအပ်ချက်များပင်ဖြစ်ရာ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းသွားစေရန်လိုအပ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် "နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။"ဟူသော အချက်ကို ထည့်သွင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)တို့အပေါ်တွင် အခြေခံရပ်တည်လျက်ရှိသည်။ ယခုအခါ NCA ၏ သက်တမ်းမှာ (၈)နှစ်တာ ကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်ရာ လွတ်လပ်ရေးရပြီးကတည်းက ဖြစ်ပေါ်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ ချုပ်ငြိမ်းစေပြီး ငြိမ်းချမ်းသာယာသည့် ပြည်ထောင်စုကြီးအဖြစ် အနာဂတ်မျိုးဆက်သစ်များသို့ ကောင်းသောအမွေပေးနိုင်ပါစေကြောင်း။ ။

# ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်



၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## တရားမအထူးအယူခံမှု (၁၁)မှုကို စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု (၅)မှု ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးကြည်သိန်း၊ ဦးတင်ဟုန်၊ ဒေါ်ခင်မေရီ၊ ဒေါ်ပြုံးပြုံးအေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၃၂/၂၀၂၂ (ရခိုင်)၊ ၄၅/၂၀၂၂ (ရခိုင်)၊ ၆/၂၀၂၃ (ပဲခူး)၊ ၁၂/၂၀၂၃ (မန္တလေး)၊ ၁၄/၂၀၂၃ (မကွေး)၊ ၄၃/၂၀၂၂ (ဧရာဝတီ)၊ ၄၈/၂၀၂၂ (ရန်ကုန်)၊ ၅၂/၂၀၂၂ (ကရင်)၊ ၉/၂၀၂၃ (ရှမ်း)၊ ၁၁/၂၀၂၃ (ရှမ်း) နှင့် ၂၈/၂၀၂၃ (ရှမ်း) စုစုပေါင်း တရားမအထူးအယူခံမှု (၁၁)မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၁၈/၂၀၂၃ (ရန်ကုန်)၊ ၅၈/၂၀၂၂(ကရင်)၊ ၅/၂၀၂၃ (ရန်ကုန်)၊ ၁၆/၂၀၂၃ (ရန်ကုန်)နှင့် ၂၇/၂၀၂၃(မကွေး) စုစုပေါင်း တရားမအထူးအယူခံမှု (၅)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သံအမတ်ကြီး ဦးတင်မောင်ဆွေအား မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်မောင်ဆွေအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## SIM Card များ စနစ်တကျ မှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက်မမှန်သော နိုင်ငံသားစိစစ်ရေးကတ်များဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်သုံးစွဲသူများထံ မှန်ကန်စွာ ပြန်လည်မှတ်ပုံတင်ရန် အသိပေးစာတို (SMS)များ ပေးပို့ခဲ့ပြီး ဖြစ်ပါသည်။ အသိပေးစာတို(SMS)များရရှိသည့် သုံးစွဲသူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် အမြန်လာရောက်မှတ်ပုံတင်ကြပါရန်နှင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလ မကုန်မီ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဆင်းကတ်သုံးစွဲသူ ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသော ဆင်းကတ်ပိတ်သိမ်းခံရမှု မရှိစေရေးအတွက် ပြန်လည်မှတ်ပုံတင်နိုင်ရန် အသိပေးစာတို (SMS) ရရှိပါက သက်ဆိုင်ရာမိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များ၊ Website တို့တွင် နိုင်ငံသားစိစစ်ရေးကတ်အချက်အလက်အမှန်ဖြင့် အမြန်ပြန်လည်မှတ်ပုံတင်ကြပါရန် ထပ်မံအသိပေး နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အမှားကို အမှန်လုပ် အကျိုးယုတ် မျိုးပြုတ်သင့်သည့် မီဒီယာ"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"PDF အကြမ်းဖက်သမားတွေရဲ့ အကွဲအပြဲ ဇာတ်လမ်းများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၉** – နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ **မိုး/ဇလ**

## ❑ တရားမဝင်ကုန်သွယ်မှုနှင့်စပ်လျဉ်း၍ ခေတ်အဆက်ဆက် မိမိတို့နိုင်ငံတွင် အမြစ်တွယ်ခဲ့သည့်အတွက် ပို့ကုန်၊ သွင်းကုန်များအပါအဝင် စက်သုံးဆီ၊ စားသုံးဆီများနှင့်စပ်လျဉ်း၍ ဖော်ထုတ်အရေးယူဆောင်ရွက်

## ❑ နိုင်ငံစီးပွားရေးနှင့် စီးပွားရေးမောင်းနှင်အားကို ထိခိုက်စေမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်သွားကြရန်လို

## ❑ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးသည် နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုသကဲ့သို့ တစ်ဖက်ကလည်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို တားဆီးပေးနေသည့် လုပ်ငန်းဖြစ်သောကြောင့် တာဝန်ရှိသူများက ယခင်ကထက် ပိုမို၍ဆောင်ရွက်

❖ *ရွှေဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းဥက္ကဋ္ဌများနှင့် တွေ့ဆုံရာတွင် **“တရားမဝင်ကုန်သွယ်မှုကို နိုင်ငံတော်မှ တိုက်ဖျက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ကုန်သွယ်မှုများတွင် တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံ့ဝင်ငွေများကို ထိခိုက်နစ်နာစေလျက်ရှိကြောင်း၊ ပြည်ပသို့ ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် တရားဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ဥပဒေကို ဖောက်ဖျက်ဆောင်ရွက်မှုများကို ဖော်ထုတ်အရေးယူသွားရန်လိုကြောင်း”**ဟု လမ်းညွှန်မှာကြားထားပါကြောင်း။

### ပိုမိုထိရောက်စွာတားဆီးစစ်ဆေး

ထို့ပြင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က **“နိုင်ငံတစ်ခုတွင် စီးပွားရေးမောင်းနှင်အား၊ နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အား ကောင်းမွန်နေရန်လိုအပ်ကြောင်း၊ ယင်းအထဲတွင် စီးပွားရေးမောင်းနှင်အား ကောင်းမွန်လာသည်နှင့်အမျှ နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများ၊ တစ်နည်းအားဖြင့် နိုင်ငံရေးနှင့် ကာကွယ်ရေး မောင်းနှင်အားသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး အင်အားကောင်းသည့် နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း”**ဟု ပြောကြားခဲ့ကြောင်း၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု အဓိကဖွံ့ဖြိုးတိုးတက်ရန် လိုကြောင်း၊ နိုင်ငံ၏ ထုတ်လုပ်မှုနှင့်ကုန်သွယ်မှုများကို အဓိကထိုးနှက်နေသည့်အချက်သည် တရားမဝင် ကုန်သွယ်မှုများဖြစ်ကြောင်း၊ နိုင်ငံတိုင်းတွင် တရားမဝင် ကုန်သွယ်မှုများရှိသော်လည်း မိမိတို့နိုင်ငံတွင် တရားမဝင်ကုန်သွယ်မှုများသည် ခေတ်အဆက်ဆက် ကျယ်ပြန့်စွာ အမြစ်တွယ်ကြီးထွားနေသည့်အတွက် ယင်းကို ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆက်လက်၍လည်း အရေးယူမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မှန်မှန်ကန်ကန်နှင့် မဆောင်ရွက်နိုင်ပါက နိုင်ငံ၏စီးပွားရေးကို ထိခိုက်သည့်အပြင် မိမိတို့ဆောင်ရွက်နေသည့် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာ ထိခိုက်စေပါကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားရေး မောင်းနှင်အား ကောင်းမွန်စေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအဟန့်အတားဖြစ်သည့် တရားမဝင်ကုန်သွယ်မှုကို ယခုထက် ပိုမိုထိရောက်စွာ တားဆီးစစ်ဆေးအရေးယူရန် လိုအပ်ကြောင်း။

ပြီးခဲ့သည့် ဇူလိုင်နှင့် ဩဂုတ်လအတွင်း ထူးခြားဖြစ်စဉ်အနေဖြင့် ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရေယာဉ်၊ မီးရထား၊ မော်တော်ယာဉ်များဖြင့် တရားမဝင်ပြောင်းဆန်သယ်ယူမှုအား ဖော်ထုတ်အရေးယူနိုင်ခဲ့ပါကြောင်း၊ အလားတူ ရန်ကုန်တိုင်းဒေသကြီးကို ဖြတ်ကျော်၍ တရားမဝင်ပြောင်းဆန်များတင်ပို့ရန် ကြိုးပမ်းမှုကိုလည်း တားဆီးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန်တွင် ကွန်တိန်နာ ၁၁ လုံး တရားမဝင်ထုတ်ယူမှုနှင့် ပတ်သက်၍ ဖော်ထုတ်နိုင်ခဲ့ပါကြောင်း။

ထူးခြားဖြစ်စဉ်များအနေဖြင့် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဩဂုတ် ၂ ရက်တွင် မော်လမြိုင်ဘူတာသို့ ဆိုက်ရောက်ကုန်တင်တွဲ ငါးတွဲ၌ သတင်းအရ မသင်္ကာဖွယ်တွေ့ရှိ၍ စိစစ်ရာ တင်ပို့လိုင်စင်နှင့် QR Code မပါ အထောက်အထားမဲ့ ပြောင်းစေ့အိတ် ၁၆၅၉ အိတ် ဆက်စပ်အမှုအရ ပဲခူး၊ မော်လမြိုင်လမ်းကြောင်းတစ်လျှောက် ကုန်တွဲ ၅၁ တွဲ ပဲခူးဘူတာမှ မသင်္ကာဖွယ် ၃၇ တွဲကို ဖော်ထုတ်နိုင်ခဲ့ကြောင်း။

### နိုင်ငံဝန်ထမ်းကောင်းများကိုဂုဏ်ပြု

အလားတူ မရမ်းချောင်စစ်ဆေးရေးဂိတ်၌ အထောက်အထားမဲ့ မော်တော်ယာဉ်ရှစ်စီးကို တားဆီးနိုင်ခဲ့ကြောင်း၊ ထူးခြားမှုအနေဖြင့် ရေကြောင်းဖြင့် တရားမဝင်တင်ပို့မှုကို တားဆီးနိုင်ခဲ့ပါကြောင်း၊ ရန်ကုန်မှ မော်လမြိုင်ဘက်သို့ ထွက်ခွာလာသည့် သင်္ဘောပေါ်တွင် အထောက်အထားမဲ့ ပြောင်းစေ့အိတ်များ တွေ့ရှိရသည့်အတွက် ရေယာဉ်မှူးနှင့် ကုမ္ပဏီပိုင်ရှင်တို့၏ ကနဦးထွက်ဆိုချက်များ ကွဲလွဲနေသည့်အတွက် ဆက်လက်ဖော်ထုတ်ခဲ့ပါကြောင်း၊ ရထားတွဲ ၈၈ တွဲ၊ ရေယာဉ်တစ်စင်း၊ မော်တော်ယာဉ်ရှစ်စီးပေါ်တွင် တရားမဝင်အထောက်အထားမဲ့ ပြောင်းစေ့အိတ် ၉၁၃၅၉ အိတ် တန်ချိန် ၄၅၆၇ ဒသမ ၉၅ တန်နှင့် ကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၉ ဘီလီယံကျော် တရားမဝင်ပို့ကုန်အဖြစ် ဆောင်ရွက်ရန်ကြိုးပမ်းစဉ်သက်ဆိုင်ရာပြည်သူ့ဝန်ထမ်းကောင်းများ၏ ကြိုးပမ်းမှုအရ တားဆီးဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ ထို့အတွက် စီမံကြီးကြပ်သူများနှင့် စေ့စပ်စွာ ဆောင်ရွက်ခဲ့ကြသည့် ပြည်သူ့ဝန်ထမ်းကောင်းများကိုလည်း ဂုဏ်ပြုဝမ်းမြောက်ပါကြောင်းနှင့် မှတ်တမ်းတင်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက ဆုပေးဒဏ်ပေးစနစ်ကျင့်သုံး၍ ဝန်ထမ်းကောင်းများကို ထိုက်သင့်သည်များ ဂုဏ်ပြုချီးမြှင့်သွားရမည်ဖြစ်ပြီး တားမြစ်ထားသည့် စည်းမျဉ်းစည်းကမ်းဥပဒေများနှင့် တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါကလည်း ပြင်းပြင်းထန်ထန် အရေးယူ ဆောင်ရွက်သွားရန်လည်း လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဖမ်းဆီးရရှိမှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံဝန်ထမ်းကောင်းများကို ထိုက်သင့်သည်များကို ဂုဏ်ပြုချီးမြှင့်ရန် လိုကြောင်း။

### ပြည်သူ့ဘဏ္ဍာအဖြစ်ရရှိခဲ့

ဖမ်းဆီးရရှိသည့် အထောက်အထားမဲ့ ပစ္စည်းများနှင့်စပ်လျဉ်း၍ အလဟဿလေလွင့်ပျက်စီးဆုံးရှုံးမှု မရှိစေရေး၊ နိုင်ငံ့ဘဏ္ဍာအဖြစ် အမြန်ဆုံး သိမ်းယူနိုင်ရေး၊ တရားမဝင် ကိုယ်ကျိုးစီးပွားအတွက် သတ်မှတ်တရားဝင်ဆောင်ရွက်ရသည့် လုပ်ငန်းများကို မဆောင်ရွက်နိုင်ခဲ့ကြသည့် ကုမ္ပဏီများအား နိုင်ငံတော်၏ အကျိုးစီးပွား ထိခိုက်စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့သည့်အတွက် အမြန်ဆုံး ထိရောက်စွာ အရေးယူနိုင်ရေး အရေးပေါ်အထူးအစည်းအဝေးကျင်းပပြီး ဥပဒေကြောင်းအရ အရေးယူနိုင်ရေးနှင့် သိမ်းဆည်းပစ္စည်းများ အမြန်ဆုံးလေလံတင်ရောင်းချနိုင်ရေးအပါအဝင် လုပ်သင့်သည်များ လုပ်ဆောင်နိုင်ရန် စီမံဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ပြောင်းစေ့များ မပျက်စီးမဆုံးရှုံးဘဲ ပြန်လည်ထုခွဲရောင်းချနိုင်ခဲ့သည့်အတွက် မူလခန့်မှန်းခဲ့သည့် ငွေကျပ် ၂ ဒသမ ၉ ဘီလီယံထက်ကျော်လွန်ပြီး ငွေကျပ် ၃ ဒသမ ၀၅၇ ဘီလီယံရရှိခဲ့သည့်အတွက် မူလထက် သိန်းပေါင်း ၈၀၀ ကျော် ပိုမို၍ ပြည်သူ့ဘဏ္ဍာအဖြစ် ရရှိခဲ့ပါကြောင်း။

သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံတော်၏ ပို့ကုန်၊ သွင်းကုန်များ စနစ်တကျဆောင်ရွက်လျက်ရှိပြီး G to G လည်း ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်မှုအပေါ်တွင် အချို့ကုမ္ပဏီများအနေဖြင့် တင်သွင်းလာသည့် ကုန်ပစ္စည်းများမှာ သွင်းကုန်လိုင်စင်မရှိဘဲ အခြားကုမ္ပဏီများ၏ သွင်းကုန်လိုင်စင်များကို အလွဲသုံးလုပ်ပြီး ၎င်းတို့၏ သွင်းကုန်ပစ္စည်းများကို တင်သွင်းရန် ကြိုးစားဆောင်ရွက်မှုများကို ပြည်သူ့ဝန်ထမ်းကောင်းများက ဖော်ထုတ်တားဆီးပေးနိုင်ခဲ့သည့်အတွက် သွင်းကုန်ပစ္စည်း ကီလိုသုံးသိန်းကျော် ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇၉ သန်းကျော်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ခဲ့ကြောင်း၊ ယင်းသို့ ဥပဒေမဲ့ဆောင်ရွက်ခဲ့သည့် သက်ဆိုင်ရာ ကုမ္ပဏီများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ဖမ်းဆီးရရှိမှုများမှာ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ၏ ဆောင်ရွက်ချက်များ ဖြစ်ပါကြောင်း။

### စေ့စေ့စပ်စပ်ဖော်ထုတ်ဖမ်းဆီး

မိမိတို့ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ၏ ဆောင်ရွက်မှုကြောင့် ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် အမှုတွဲ ၆၁၁ မှု၊ တန်ဖိုးငွေကျပ် ၁၀၄၄၅ ဒသမ ၇၄၂ သန်းဖြစ်ပြီး ဩဂုတ်လတွင် အမှုတွဲ ၅၄၀၊ တန်ဖိုးငွေကျပ် ၁၂၄၃၄ ဒသမ ၂၄၄ သန်း ဖမ်းဆီးရရှိခဲ့ကြောင်း၊ ကာလတူ၂၀၂၂ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လ နှိုင်းယှဉ်ရာ ယခင် ဇူလိုင်လတွင် အမှုတွဲ ၃၆၉ မှု၊ တန်ဖိုးငွေကျပ် ၆၁၀ ဒသမ ၃၈၈ သန်းနှင့် ဩဂုတ်လတွင် အမှု ၄၈၀၊ ခန့်မှန်းငွေကျပ် ၇၀၀၂ ဒသမ ၆၁၃ သန်းဖြစ်ကြောင်း၊ ယခင်နှစ်ထက် ဖမ်းဆီးအမှုတွဲနှင့် ဖမ်းဆီးရမိတန်ဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့သော်လည်း သွင်းကုန်အပြင် ပို့ကုန်အပိုင်းများပါ တရားမဝင်ကုန်သွယ်မှုများ ရှိနေဆဲဖြစ်သည်ဟု ဖော်ပြနေသည့်အတွက် တရားမဝင်ကုန်သွယ်မှုများ မရှိစေရေးကို သွင်းကုန်ပိုင်းနှင့် ပို့ကုန်ပိုင်းများကိုပါ ယခင်ကထက် အထူးအဖွဲ့များက စေ့စေ့စပ်စပ် ဖော်ထုတ်ဖမ်းဆီးသွားရန် လိုကြောင်း။

### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်

ထို့ပြင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ သွင်းကုန်အပြင် ပို့ကုန်များအတွက်ပါ မော်တော်ယာဉ်၊ ရေယာဉ်၊ မီးရထား အပါအဝင် ယခုအခါ ကုန်တင်လေယာဉ်များဖြင့် ကုန်ပစ္စည်းတင်ပို့နေပြီဖြစ်သည့်အတွက် လေကြောင်းအတွက်ပါ SOP များကို စနစ်တကျ နောက်ဆုံးအခြေအနေနှင့်အညီ ရေးဆွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် အဓိကအထောက်အကူပြုမည့် e-lock စနစ်ဖြင့် ကုန်ပစ္စည်းစစ်ဆေးရေး ပို့ဆောင်ရန်အတွက် Pilot Project ခြောက်လ ဆောင်ရွက်လျက်ရှိကြောင်း၊ Pilot Project ဖြင့် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို မိမိတို့ဆောင်ရွက်လိုသည့် e-lock စနစ်ဖြင့် ကုန်သေတ္တာနှင့်အလုံပိတ်ယာဉ်များ အသုံးပြုသည့် ကုန်ပစ္စည်းများ ပို့ဆောင်မှုကို Phase အလိုက် အားသာချက်၊ အားနည်းချက်ဖော်ထုတ်၍ နိုင်ငံတစ်ဝန်းလုံး ပို့ဆောင်နိုင်ရေး အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန် မိမိတို့အားလုံးမှ အားတက်သရော ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### အကျိုးအကြောင်းခိုင်လုံရန်လိုအပ်

ဖမ်းဆီးရမိသည့် ပြောင်းစေ့များသည် ပျက်စီးလွယ်သည့် ပစ္စည်းများဖြစ်သည့်အတွက် ဥပဒေအရ အမြန်ဆုံး အရေးယူဆောင်ရွက်နိုင်ရေး အကောက်ခွန်ဥပဒေနှင့် ပို့ကုန်/သွင်းကုန်ဥပဒေဖြင့် ဆောင်ရွက်နိုင်ခဲ့၍ ပစ္စည်းများကို မပျက်မစီးဘဲ ထုခွဲရောင်းချနိုင်ခဲ့သည့်အပြင် စနစ်တကျ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မူလခန့်မှန်းထားသည့် ငွေပမာဏများထက် ပိုမိုရရှိခဲ့ပါကြောင်း၊ ယင်းမှာ လုပ်ငန်းဆောင်ရွက်မှုအပိုင်းတွင် ရှိပြီးဥပဒေအပေါ် ဝိုင်းဝန်းစဉ်းစားခဲ့ပြီး လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ အကောက်အခွန်ဥပဒေအပိုင်းတွင် မူလထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေရှိပါကြောင်း၊ အဆိုပါ ဥပဒေပိုင်းတွင်လည်း ပိုင်ရှင်ဘက်မှ ထိခိုက်နစ်နာမှုမရှိစေရေး လုပ်ထုံးလုပ်နည်းများကြောင့် ပို့ကုန်/သွင်းကုန် ဥပဒေကဲ့သို့ အရေးယူခြင်း၊ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခြင်းအပိုင်းတို့တွင် ကြန့်ကြာမှုရှိသင့်သလောက်ရှိပါကြောင်း၊ သို့ဖြစ်၍ အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် ဖမ်းဆီးရရှိသည့် ပစ္စည်းများဆုံးရှုံးမှု မဖြစ်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ရန် လိုအပ်ပါကလည်း ပြင်ဆင်ရန်စဉ်းစားသင့်ပါကြောင်း၊ ဥပဒေကို လူကပြုစုခြင်းဖြစ်၍ လူကပင် ပြင်ဆင်၍ ရပါကြောင်း၊ အကျိုးအကြောင်း ခိုင်လုံရန် လိုအပ်ပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုနှင့်စပ်လျဉ်း၍ ခေတ်အဆက်ဆက် မိမိတို့နိုင်ငံတွင် အမြစ်တွယ်ခဲ့သည့်အတွက်

*စာမျက်နှာ ၄ သို့*

**❖ နိုင်ငံ၏ ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုများကို အဓိကထိုးနှက်နေသည့်အချက်သည် တရားမဝင်ကုန်သွယ်မှုများဖြစ်၊ နိုင်ငံတိုင်းတွင် တရားမဝင်ကုန်သွယ်မှုများ ရှိသော်လည်း မိမိတို့နိုင်ငံတွင် တရားမဝင်ကုန်သွယ်မှုများသည် ခေတ်အဆက်ဆက် ကျယ်ပြန့်စွာ အမြစ်တွယ်ကြီးထွားနေသည့်အတွက် ယင်းကို ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်ရမည်**

*စာမျက်နှာ ၃ မှ*

ပို့ကုန်၊ သွင်းကုန်များအပါအဝင် စက်သုံးဆီ၊ စားသုံးဆီများနှင့်စပ်လျဉ်း၍ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံစီးပွားရေးနှင့် စီးပွားရေးမောင်းနှင်အားကို ထိခိုက်စေမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးသည် နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုသကဲ့သို့ တစ်ဖက်ကလည်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို တားဆီးပေးနေသည့် လုပ်ငန်းဖြစ်သောကြောင့် တာဝန်ရှိသူများက ယခင်ကထက်ပိုမို၍ ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီအစည်းအဝေး (၄/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ခင်ဇော်တို့က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး(၅/၂၀၂၃)သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

**ရှင်းလင်းဆွေးနွေးတင်ပြ**

ဆက်လက်၍ ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တို့က တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ e-lock စနစ်ဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေများ၊ နည်းဥပဒေများကို ပြန်လည်သုံးသပ်ပြင်ဆင်ရန် ကိစ္စရပ်များ၊ မူးယစ်ဆေးဝါး၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ တရားမဝင်ယာဉ်များ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများနှင့် ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များ၊ တရားမဝင် Online မှ ကုန်ပစ္စည်းများရောင်းချနေမှု၊ QR Code အသုံးပြုဆောင်ရွက်နေမှုကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ ခေါင်းဆောင်က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အစည်းအဝေး (၅/၂၀၂၃) ဆုံးဖြတ်ချက် (မူကြမ်း) များကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေး တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ ကလီထော်တူးမြောင်းမကြီး ကျိုးပေါက်မှု အခြေအနေ ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့မွန်းလွဲပိုင်းက လှည်းကူးမြို့နယ်အတွင်းရှိ ကလီထော်တူးမြောင်းမကြီး ကျိုးပေါက်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေဘေးရှောင်ပြည်သူများအား အစားအစာများ လှူဒါန်းသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် လှည်းကူးမြို့နယ် ကြာအင်းကျေးရွာအရှေ့ အင်းကန့်လန့်ရွာအနီးရှိ ကလီထော်မြောင်းပေါင်အထက်ကိုကျော်လွန်ကာ ရေကျော်သည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ဆောင်ရွက်နေသည့် လုပ်ငန်းများကိုတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အဆိုပါကျိုးပေါက်သည့်နေရာအား အမြန်ဆုံးပြီးဆုံးအောင် ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန်နှင့် ပြီးစီးပါကလည်း လူများချထား၍စောင့်ကြည့်ရန်နှင့် လိုအပ်သည်များ မှာကြားသည်။ **(ယာပုံ)**



ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှည်းကူးမြို့နယ် ကြာအင်းကျေးရွာဘုန်းတော်ကြီးကျောင်း ကြီးကျောင်း၌ နန္ဒိကျေးရွာ၊ ညောင်းကုန်းကျေးရွာနှင့် ကြို့ကုန်းကျေးရွာတို့ရှိ ရေဘေးရှောင်ပြည်သူများနှင့် လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာ (၂)ရပ်ကွက်ဓမ္မာရုံ၌ ရေဘေးရှောင်ပြည်သူများအတွက် ဆန်အိတ်များ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ကော်ဖီမစ်များ၊ ရေသန့်ဘူးကြီးကတ်များနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

## နေပြည်တော် - တပ်ကုန်းနှင့် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် နည်းပညာတက္ကသိုလ်များမှ လေ့လာရေးအဖွဲ့များ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် အောက်တိုဘာ ၉**



မန္တလေးနှင့် ရမည်းသင်း နည်းပညာ တက္ကသိုလ်များမှ ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၁၈ ဦးတို့သည် ယနေ့နံနက်ပိုင်းက နေပြည်တော် (တပ်ကုန်း) ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ပင်မအဆောက်အဦရှိ Auditorium ခန်းမတွင် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းသူက နှုတ်ခွန်းဆက်စကားပြောကြားပြီး NCA(၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် MRTV မှ ဝန်ထမ်းများ ပါဝင်ဖျော်ဖြေတင်ဆက်မည့် "ငြိမ်းချမ်းရေးလက် မြဲမြဲဆက်" တေးသီချင်းဖြင့် လေ့ကျင့်နေမှုကိုပြသရာ နည်းပညာ တက္ကသိုလ်များမှ ကြီးကြပ်သူ ဆရာ ဆရာမများက ကြည့်ရှုအားပေးပြီး အကအဖွဲ့အား အမှတ်တရလက်ဆောင်ပေးအပ်သည်။

ထို့နောက် လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်တွင် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်ရာ၌ အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်း စတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်း ဓာတ်ပြားများနှင့် အခြားအသုံးအဆောင် ပစ္စည်းများစသည့် စုစုပေါင်း ပြခန်း ၄၀ တွင် ခင်းကျင်းပြသထားရှိမှုများအား ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခြင်း၊ ကျောင်းသား ကျောင်းသူများ၏ မှတ်သားဖွယ်ရာ အဖြေလွှာများ၌ ဖြည့်စွက်မှုများအား စိစစ်၍ ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ကြသည်။

**အထူးစိတ်ဝင်စားမှုရှိ**

အဆိုပါနည်းပညာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများသည် ရေဒီယိုအသံသွင်းခန်းများ၊ ရေဒီယို Master Control Room များ၊ TV Transmitter ၊ 9Meter Earth Station တို့မှ စက်မှုပိုင်းဆိုင်ရာများ၊ ရုပ်သံထုတ်လွှင့်ပုံများ၊ ဂြိုလ်တုမှဖမ်းယူ၍ ပြန်လည်ထုတ်လွှင့်ပေးမှုများကို အထူးစိတ်ဝင်စားမှုရှိကြောင်း တွေ့ရသည်။

ထို့အတူ ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင်လည်း ယနေ့ နံနက်ပိုင်းက ရန်ကုန် နည်းပညာတက္ကသိုလ်မှ ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၁ ဦးတို့ လာရောက်ပြီး News Studio တွင် National News ရိုက်ကူးနေမှု၊ Studio – 1 တွင် Myanmar International Television Channel (MI) မှ သီတင်းကျွတ်အစီအစဉ် ရိုက်ကူးနေမှုတို့ကို ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ ရန်ကုန်နည်းပညာတက္ကသိုလ်မှ အီလက်ထရောနစ်နှင့် အဝေးဆက်သွယ်ရေး အင်ဂျင်နီယာဘာသာရပ် အထူးပြုကျောင်းသား ကျောင်းသူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်) တွင် Studio Production ၊Media NetWork ၊ Radio Station၊ DSNG & Outdoor Broadcasting၊ Power & Aircon၊ 9 – Meter Earth station ၊ Transmitter (မီတာ ၂၀၀)လုပ်ငန်းများ ဆောင်ရွက်မှုကို ယနေ့ အောက်တိုဘာ ၉ ရက်မှ စတင်၍ အောက်တိုဘာ ၁၃ ရက်အထိ ကွင်းဆင်း လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❐ *ရွှေ့ဖုံးမှ*

အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူး သတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ဘီးလင်းမြစ်ရေ ဘီးလင်းမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၉**

ယနေ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့် (၇၀ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘီးလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူး သတိပြုနေထိုင်ကြပါ ရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# (၁၄၉) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အခမ်းအနားကျင်းပ
# စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို အများပြည်သူစိတ်ချယုံကြည်စွာသုံးစွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရန်လို

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၃ ခုနှစ် (၁၄၉)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး က ယနေ့ကျင်းပသည့်အခမ်းအနားသည် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (Universal Postal Union–UPU) ၏ (၁၄၉) နှစ်ပြည့် အခမ်းအနားဖြစ်ကြောင်း၊ ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (UPU)တွင် အဖွဲ့ဝင် ၁၉၂ နိုင်ငံရှိပြီး အဖွဲ့ဝင်နိုင်ငံများအတွက် လိုအပ်သည့်နည်းပညာအကူအညီများ၊ စာပို့လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်၍ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးကို ဦးတည်ဆောင်ရွက်ပေးသည့် A Truly Universal Network အဖြစ် ရပ်တည်နေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ကိုဗစ် ၁၉ ကပ်ရောဂါ ကာလအတွင်း စာပို့ကွန်ရက်များ ပုံမှန်မလည်ပတ်နိုင်သော်လည်း ဒစ်ဂျစ်တယ်နှင့် အိုင်စီတီနည်းပညာများကို စာပို့တိုက်ဝန်ဆောင်မှု လုပ်ငန်းများတွင် အကျိုးရှိရှိအသုံးချနိုင်သည့်အတွက် အများပြည်သူကို ဝန်ဆောင်မှုများ ဆက်လက်ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ စာပို့တိုက်ဝန်ဆောင်မှုအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများ၏



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့ဝင်များ (၁၄၉)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် ပြခန်းအတွင်း ပြသထားသည်များကို ကြည့်ရှုအားပေးစဉ်။



သော့ချက်မှာ သုံးစွဲသူ၏ယုံကြည်မှု (Customer Trust) ဖြစ်သည့်အတွက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (UPU) မှလည်း ယခုနှစ်အတွက် ဆောင်ပုဒ်ကို **“စိတ်ချယုံကြည် တွဲလက်ညီ” (Together for Trust)** ကို ရွေးချယ်သတ်မှတ်ပြီး အများပြည်သူကို ဝန်ဆောင်မှုပေးနေသည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို အများပြည်သူစိတ်ချယုံကြည်စွာ သုံးစွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ ဌာနချုပ် (UPU) ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့လာသည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့သဝဏ်လွှာ Video Clip နှင့် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် မှတ်တမ်း Video Clip ကို ပြသသည်။

**ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်**

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်အခမ်းအနားတွင် (၅၂) ကြိမ်မြောက် အသက် ၁၅ နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)၌ ပထမဆုရရှိသည့် ကရင်ပြည်နယ် ဘားအံမြို့နယ်မှ မနန်းအုံမွန်အိမ်(ဝဲပုံ)၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ် မုဒုံမြို့နယ်မှ မောင်ဝေဘုန်းလူ၊ တတိယဆုရရှိသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်မှ မောင်သန်းထိုက်နှင့် အထူးဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်မှ မမေမြင့်မိုရ်ကြည် တို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် (၅၂) ကြိမ်မြောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ဆုရရှိသူများကိုယ်စား ပထမဆုရှင် မနန်းအုံမွန်အိမ် က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများသည် ဆုရကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး (၁၄၉) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ် ပြခန်းတွင် မှတ်တမ်းဓာတ်ပုံများနှင့် ပြခန်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**


# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

**ကြိုးပမ်းဆောင်ရွက်နေ**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ဝန်ကြီးဌာနနှင့် UNDP–UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရန် MoU ပါ အချက်အလက်၊ အသုံးအနှုန်းများ ပြင်ဆင်၊ အတည်ပြုဆောင်ရွက်နိုင်ရေး၊ MoU တွင် ထည့်သွင်းဖော်ပြမည့် စကားလုံး အသုံးအနှုန်းများနှင့် ပတ်သက်၍ နှစ်ဖက်ညှိနှိုင်း ဆွေးနွေးမှုအပေါ် ပြန်လည်ပြင်ဆင်ပြုစုနိုင်ရေး၊ MoU



ချုပ်ဆိုရန် ဆောင်ရွက်နေစဉ် ကာလအတွင်း UNHCR ၏ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင်ဗီဇာနှင့် နေခွင့်သက်တမ်း တိုးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်ပေးမှုအခြေအနေများ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်နိုင်ရေးနှင့် ပတ်သက်သည့်လုပ်ငန်းများ ထိရောက်စွာ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ဝန်ကြီးဌာနနှင့် UNHCR တို့အကြား ရိုးရှင်းသည့် MoU တစ်ရပ်ဖြစ်စေရေးအတွက် နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်သင့်သည့် အခြေအနေများ၊ မြန်မာနိုင်ငံမှ ကြိုးပမ်းဆောင်ရွက်နေသည့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကို UNHCR အနေဖြင့် သိရှိနားလည်ပြီး အပြုသဘောဆောင်သည့် ပူးပေါင်းကူညီမှုများ ဆောင်ရွက်ပေးနိုင်ရေးအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲများဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဆွမ်း၊ ကွမ်း ခက်ခဲသည့် ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ အမယ်သုံးမျိုးကို ရဟန်း၊ သံဃာ၊ သာမဏေများအတွက် လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းက မြိတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သီတာခိုင်နှင့် ဝန်ထမ်းများက မြိတ်မြို့နယ် နိဂြောဓါရုံပရိယတ္တိစာသင်တိုက်သို့ ဆွမ်းဆန်တော် လေးအိတ်၊ ဆီ ၁၀ ပိဿာ၊ ကုလားပဲ ၁၀ ပိဿာ စသည်တို့ကို ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဦးသုဒတ္တထံသို့ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းရေးချိုးငှက်တွေ ကမ္ဘာမြေအနှံ့ ပြေးလွှားဆော့ကစားစေ

**ကမ္ဘာ့နိုင်ငံရေး၊ စစ်ရေးလောကတွင် သဘောထားတင်းမာသူများ၊ စစ်လိုလားသူများကို လင်းယုန်များ၊ စွန်ရဲများ၊ hard-liner တရားသေ အမာဂိုဏ်းသားများဟုလည်းကောင်း၊ သဘောထားပျော့ပျောင်းသူ၊ ငြိမ်းချမ်းရေးကို လိုလားသူများကို ရွှေပြည်အေး ဝါဒီများ၊ ပြုပြင်ပြောင်းလဲရေးသမားများ၊ ချိုးငှက်များ၊ အပျော့ဂိုဏ်းသားများဟုလည်းကောင်း တင်စားခေါ်ဝေါ်ကြပါသည်။**

မောင်ကမ္ဘာ

အမာဂိုဏ်းသားများက ဆတ်ဆတ်ထိမခံ လက်တုံ့ပြန်တတ်သူတွေမို့ အရာရာကို ချင့်ချိန်သည်းခံပြီး ပြဿနာတစ်ရပ်ကို စားပွဲဝိုင်းပေါ်မှာပင် စိတ်ရှည်လက်ရှည် ဆွေးနွေးညှိနှိုင်းအဖြေရှာတတ်သူ အပျော့ဂိုဏ်းသားတွေထက် ကမ္ဘာ့မြင်ကွင်းတွင် ပို၍ပေါ်လွင် ထင်ရှားလေ့ရှိသည်။ သွေးပူနေသည့်ပရိသတ်၏ လက်ခုပ်သံကိုလည်း ပို၍ရလေ့ရှိကြသည်။

**သဘောထားတင်းမာသော ခေါင်းဆောင်များ**

စာရေးသူတို့ နုငယ်စဉ်အခါကလည်း ကမ္ဘာ့ခေတ်ပြိုင် ခေါင်းဆောင်များဖြစ်ကြသည့် အမေရိကန်သမ္မတရီဂင်၊ အစ္စရေးဝန်ကြီးချုပ် ဘီဂင်၊ ရှာမီးယား၊ အေရီယယ်ရှာရွန်၊ ကာကွယ်ရေးဝန်ကြီး မိုရှေဒါယန်နှင့် အီဇာဝိုက်ဇမန်း စသော သဘောထားတင်းမာသည့် ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒီ ခေါင်းဆောင်များနှင့် တစ်ချက်ထိလျှင် နှစ်ချက်ပြန်ပြီး လက်တုံ့ပြန် တိုက်ခိုက်တတ်သည့် စစ်ခေါင်းဆောင်များကို ပို၍သဘောကျပါသည်။

အမေရိကန်သမ္မတ ရီဂင်က ရှေးရိုးစွဲ ကွန်ဆာဗေးတစ်ဝါဒီပီပီ ဆိုဗီယက်ပြည်ထောင်စုနှင့် ပတ်သက်လျှင် သဘောထားတင်းမာလွန်းသည်။ ဆိုဗီယက်ပြည်ထောင်စု ဦးဆောင်သော အရှေ့အုပ်စု ကွန်မြူနစ်နိုင်ငံများနှင့် ဆက်ဆံရေးတွင် ချိတ်ဆက်တုံ့ပြန်ဆောင်ရွက်ရေးပေါ်လစီကို ချမှတ်ဆောင်ရွက်ခဲ့သည်။ ပြိုင်ဘက်အုပ်စုက ခြေတစ်လှမ်းလှမ်းလျှင် သူကလည်း အလားတူခြေလှမ်းမျိုး လှမ်းမည်ဟူသည့် သဘောပင်။

ထို့ကြောင့်ပင် ၁၉၈၀ ကျော်လွန်ကာလ ရီဂင်၊ ယူရီအင်ဒရိုပေါ့တို့ ခေတ်ပြိုင်ခေါင်းဆောင်နှစ်ဦးတို့၏ ခေတ်တွင် အမေရိကန် - ဆိုဗီယက် မဟာအင်အားကြီးနှစ်နိုင်ငံ၏ ဆက်ဆံရေးသည် တင်းမာမှုမြင့်တက်ခဲ့သည်။

ဆိုဗီယက်က သူ့မဟာမိတ် အရှေ့ဥရောပမှ ဝါဆောစစ်အုပ်စုဝင်နိုင်ငံများတွင် အက်စ်အက်စ်-၂၀ နျူကလီးယားထိပ်ဖူးတပ် တာလတ်ပစ် ဒုံးပျံများကို ဖြန့်ကြက်လာသောအခါ အမေရိကန်ကလည်း သူ့မဟာမိတ် အနောက်ဥရောပမှ နေတိုးစစ်အုပ်စုဝင်နိုင်ငံများတွင် နျူကလီးယားထိပ်ဖူးတပ် ပါရှင်-၂ နှင့် ခရုစ်ဒုံးပျံများကို တုံ့ပြန်ဖြန့်ကြက်ခဲ့သည်။

ငြိမ်းချမ်းရေးကိုလိုလားသူ ကမ္ဘာ့ပြည်သူများက ၁၉၆၂ ခုနှစ် ကျူးဘားဒုံးပျံအရေးအခင်းကဲ့သို့ ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံအကြား စစ်အေးတိုက်ပွဲမှ ကမ္ဘာ့စစ်မီးကြီးများ ထတောက်လာလေမလားဟု ရင်တမမ၊ စိုးရိမ်တကြီးဖြင့် ကန့်ကွက်ဆန္ဒပြပွဲများ ခြိမ့်ခြိမ့်သဲ ကျင်းပ၍ တုံ့ပြန့်ဆန္ဒပြခဲ့ကြသော်လည်း စာရေးသူကမူ ရီဂင်၏လုပ်ရပ်ကို သဘောကျခဲ့သည်။

**ကမ္ဘာ့အရေးအခင်းသည် ပို၍ရှုပ်ထွေးမှုများ**

သမ္မတရီဂင်ခေတ်ကာလတွင် ကမ္ဘာ့အရေးအခင်းသည် ပို၍ ရှုပ်ထွေးမှုများခဲ့သည်။ အမေရိကန်၏ ဝင်ရောက်ပါဝင်စွက်ဖက်မှုများကလည်း ကမ္ဘာလုံးဆိုင်ရာ နေရာအနှံ့နီးပါး ဖြစ်ခဲ့သည်။ အလယ်ပိုင်းအမေရိက ဂရင်နေဒါနိုင်ငံတွင် လက်ဝဲအာဏာသိမ်းမှုပေါ်ပေါက်ခဲ့ရာ အမေရိကန်က အမေရိကန်ဆေးကျောင်းသားများကို ကယ်ထုတ်ရန်အကြောင်းပြချက်ဖြင့် ဂရင်နေဒါနိုင်ငံငယ်လေးကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

အီရန်-အီရတ်စစ်ပွဲကာလတွင် အမေရိကန်က ဆက်ဒမ်ဟူစိန်ခေါင်းဆောင်သော အီရတ်အစိုးရကို ထောက်ခံပြီး အီရန်ကို ဖိအားပေးခဲ့သည်။ အီရန်တို့၏ တိုက်ခိုက်မှုရန်မှ ကာကွယ်ရန်ဟုဆိုကာ ပေါ့စ်မုဇ်ရေလက်ကြားတွင် အမေရိကန်စစ်သင်္ဘောများက အင်အားပြကင်းလှည့်လာသည်။ ဆော်ဒီ၊ ကူဝိတ်၊ ဘာရိန်း စသည့်အာရပ်နိုင်ငံများ၏ ရေနံတင်သင်္ဘောများကို အမေရိကန်အလံလွှင့်ထူပြီး လိုက်ပါစောင့်ကြပ်ပေးလာသည်။ ထိုနောက်ပိုင်းတွင် အမေရိကန်စစ်သင်္ဘောအချို့က အီရန်၏ ရေနံတွင်းတူးစင်များကို အမြောက်နှင့်ပစ်ခတ်မှု၊ ရေလက်ကြားအတွင်း ရေမြုပ်ဗုံးလာထောင်သည့် အီရန်၏ ကင်းလှည့်စစ်ရေယာဉ်ငယ်ကို ဖမ်းဆီးမှုများ ဆက်တိုက်ပေါ်ပေါက်လာသည်။

တစ်ဖန် ဆီဒရာပင်လယ်ကွေ့တွင် အမေရိကန်နှင့် လစ်ဗျားစစ်သင်္ဘောများ အခြေအတင် အင်အားပြ စစ်ကစားမှုများ၊ ထိုမှအမေရိကန်စစ်သားအများအပြား ကျင်လည်ကျက်စားရာ အနောက်ဂျာမနီနိုက်ကလပ် ဗုံးပေါက်ကွဲမှုဖြစ်စဉ်တွင် လစ်ဗျားနိုင်ငံ၏ လက်ချက်မကင်းဟုဆိုကာ ၁၉၈၆ ခုနှစ် ဧပြီလတွင် အမေရိကန်စစ်လေယာဉ် အချို့က လစ်ဗျားခေါင်းဆောင် ကဒါဖီ၏နေအိမ်နှင့် ဘင်ဂါဇီမြို့ရှိ စစ်ရေးပစ်မှတ်များကို သွားရောက်ဗုံးကြဲတိုက်ခိုက်ခဲ့မှုများ ဖြစ်ပွားပြန်သည်။

**Heroism ဝါဒနှင့် လုပ်ရပ်ကို**

မည်သို့ဆိုစေ စာရေးသူကတော့ ပုဂ္ဂိုလ်ခင်မှတရားမင်ဆိုသလို သမ္မတရီဂင်ကို သဘောကျနှစ်သက်ပါသည်။ နုပျိုလန်းဆန်းတက်ကြွချိန်မို့ ရီဂင်၏ Heroism ဝါဒနှင့် လုပ်ရပ်ကိုမှန်သည်ဟု ယူဆသည်။

အလားတူ ရန်ဘက်နိုင်ငံများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များအပေါ် လက်မြန်ခြေမြန် လက်တုံ့ပြန်တတ်သည့် အစ္စရေးဝန်ကြီးချုပ် မီနာချန်ဘီဂင်၊ ယစ်ဇတ်ရှာမီးယား၊ အေရီယယ်ရှာရွန်တို့၊ မိုရှေဒါယန်၊ အီဇာဝိုက်ဇမန်းတို့ကိုလည်း စာရေးသူ သဘောကျ နှစ်ခြိုက်ခဲ့ပါသည်။

၁၉၈၂ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် ဗြိတိန်နိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး ရှလိုမိုအာဂေါ့ကို လက်နက်ကိုင်တစ်စုက ပစ်ခတ်လုပ်ကြံခဲ့ရာမှ ဒဏ်ရာအပြင်းအထန်ရရှိခဲ့မှုအပေါ် အစ္စရေးက လက်တုံ့ပြန်သည့်အနေဖြင့် ဇွန်လ ၆ ရက်နေ့တွင် လက်ဘနွန်နိုင်ငံရှိ ပါလက်စတိုင်းပြောက်ကျားများအား ဝင်ရောက်ချေမှုန်းခဲ့သည့် ဘီရွတ်စစ်ပွဲ ပေါ်ပေါက်လာသည်။ ဘီရွတ်စစ်ပွဲတွင် လက်ဘနွန်နှင့် ပါလက်စတိုင်းအပြစ်မဲ့ပြည်သူ ၁၇၀၀၀ ကျော် သေဆုံးခဲ့ရသည့်တိုင် အစ္စရေး၏ လက်တုံ့ပြန်မှုအပေါ် မှန်ကန်သည်ဟု ယူဆခဲ့မိသည်။

**ငြိမ်းချမ်းရေးဝါဒီများအဖြစ် ကူးပြောင်းလာ**

သို့သော် နောက်ပိုင်းကာလတွင် တစ်ချိန်က စစ်သွေးစစ်မာန်အပြည့်ဖြင့် လျှမ်းလျှမ်းတောက် ထင်ရှားကျော်ကြားခဲ့ပြီး စာရေးသူသဘောကျနှစ်ခြိုက်ခဲ့သည့် မိုရှေဒါယန်၊ အီဇာဝိုက်ဇမန်း၊ ယစ်ဇတ်ရာဘင်၊ အေရီယယ်ရှာရွန် စသည့်အစ္စရေးခေါင်းဆောင်များသည် ငြိမ်းချမ်းရေးကို လိုလားသူ၊ ငြိမ်းချမ်းရေးကိုဖော်ဆောင်သူ ငြိမ်းချမ်းရေးဝါဒီများအဖြစ် ကူးပြောင်းလာသည်။

အာရပ်-အစ္စရေး ခြောက်ရက်စစ်ပွဲကာလတွင် ကာကွယ်ရေးဝန်ကြီးတစ်ဦးအဖြစ် အီဂျစ်၊ ဆီးရီးယား၊ ဂျော်ဒန် စသည့်ပြိုင်ဘက်အာရပ်နိုင်ငံများကို အချိန်တိုအတွင်း အလဲထိုးအနိုင်ယူပြီး လျှမ်းလျှမ်းတောက်ကမ္ဘာကျော်ခဲ့သူ မိုရှေဒါယန်သည် ဒေးဗစ်စခန်းသဘောတူညီချက် ငြိမ်းချမ်းရေးစာချုပ်တွင် အစ္စရေးနှင့် အီဂျစ်တို့ အောင်မြင်စွာ ချုပ်ဆိုနိုင်ရန် နိုင်ငံခြားရေးဝန်ကြီးတစ်ဖြစ်လဲ အဓိကဗိသုကာ အခန်းကဏ္ဍမှ ပါဝင်ပံ့ပိုးဖော်ဆောင်ရွက်ပေးသွားခဲ့သည်။ ထို့ပြင် အစ္စရေးအသိမ်းပိုက်ခံ ပါလက်စတိုင်းဒေသများတွင် ဂျူးအခြေစိုက် လူနေတိုက်တာ အိုးအိမ်များ တည်ဆောက်မှုနှင့်ပတ်သက်၍ အစ္စရေးဝန်ကြီးချုပ် ဘီဂင်နှင့် သဘောထားအကြီးအကျယ် ကွဲလွဲခဲ့ရာမှ နိုင်ငံခြားရေးဝန်ကြီးရာထူးမှ နုတ်ထွက်သွားခဲ့ပြန်သည်။

ထို့အတူ တစ်ချိန်က သဘောထားတင်းမာပြီး အမာဂိုဏ်းသားအဖြစ် ထင်ရှားခဲ့သူ ကာကွယ်ရေးဝန်ကြီး အီဇာဝိုက်ဇမန်းသည် နောက်ပိုင်းတွင် အစ္စရေး၏ လက်တုံ့ပြန်တိုက်ခိုက်မှု စစ်ဆင်ရေးများအပေါ် ပင်တိုင်ကန့်ကွက်သူ၊ ငြိမ်းချမ်းရေးကို ရှေးရှုလိုလားသူတစ်ဦးအဖြစ် ပြောင်းလဲလာသည်။

အလားတူ တစ်ချိန်က ကာကွယ်ရေးဝန်ကြီးအဖြစ် ဘီရွတ်စစ်ပွဲကို ဦးဆောင်ခဲ့ရုံမက အိုးအိမ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဘဝတွင် အစ္စရေးအသိမ်းပိုက်ခံ အနောက်ဘက်ကမ်းဒေသနှင့် ဂါဇာဒေသအတွင်း ဂျူးအခြေစိုက် လူနေအိမ်ရာများကို အလုံးအရင်းနှင့်တည်ဆောက်ခဲ့သူ အေရီယယ်ရှာရွန်သည် ဝန်ကြီးချုပ်ဖြစ်လာတော့ ကန့်ကွက်မှုများကြားမှပင် ဂျူးအခြေစိုက်လူနေအိမ်ရာများကို ပြန်လည်ဖယ်ရှားပစ်ခဲ့ပါသည်။

**စစ်၏ အနိဋ္ဌာရုံများကို သိရှိနားလည်**

တစ်ချိန်က စစ်သွေးစစ်မာန်အပြည့်ဖြင့် လျှမ်းလျှမ်းတောက် ထင်ရှားကျော်ကြားခဲ့ကြသည့် အစ္စရေးနိုင်ငံမှ ထိုထိုသော ခေါင်းဆောင်များ၏ ပြောင်းလဲလာသောသဘောထားနှင့် ငြိမ်းချမ်းရေးခြေလှမ်းများကို ငယ်ရွယ်စဉ်က အမေးပုစ္ဆာတစ်ပုဒ်လို ဝေခွဲမရဖြစ်ရသော်လည်း ယခုအသက်အရွယ်တွင် နားလည်သဘောပေါက်လာမိသည်။ အဖြေက Old Soldier Never Fight ဆိုသည့်နှယ် ဝါရင့်စစ်သားအိုကြီးများသည် စစ်၏ အနိဋ္ဌာရုံများကို ကိုယ်တိုင်ကိုယ်ကျ သိရှိနားလည်သဘောပေါက်သွားခဲ့ကြ၍ ဖြစ်ပါလိမ့်မည်။

သို့နှင့်အမျှ ငြိမ်းချမ်းရေးအတွက် အသက်စွန့်သွားခဲ့ရသည့် အီဂျစ်သမ္မတ ဆာဒတ်နှင့် အစ္စရေးဝန်ကြီးချုပ် ယစ်ဇတ်ရာဘင်တို့ကို ပို၍အမှတ်ရလေးစားလာမိသည်။

အီဂျစ်သမ္မတ အန်ဝါဆာဒတ်သည် ၁၉၇၇-၁၉၇၈ ခုနှစ်ကာလအတွင်းက မဟာရန်ဘက် အစ္စရေးနှင့် ငြိမ်းချမ်းရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့မှုကြောင့် ၁၉၈၁ ခုနှစ်တွင် အစွန်းရောက်အုပ်စု၏ လုပ်ကြံသတ်ဖြတ်ခဲ့မှုကို ခံခဲ့ရရှာသည်။

စာမျက်နှာ ၇ သို့





ငြိမ်းချမ်းရေးကြိုးပမ်းမှုများအတွင်း လုပ်ကြံသတ်ဖြတ်ခံခဲ့ကြရသည့် အီဂျစ်သမ္မတ အန်ဝါဆာဒတ် (ဝဲ)နှင့် အစ္စရေးဝန်ကြီးချုပ် ယစ်ဇတ်ရာဘင် (ယာ)။

**❑ တစ်ချိန်က စစ်သွေးစစ်မာန်အပြည့်ဖြင့် လျှမ်းလျှမ်းတောက် ထင်ရှားကျော်ကြားခဲ့ကြသည့် အစ္စရေးနိုင်ငံမှ ထိုထိုသော ခေါင်းဆောင်များ၏ ပြောင်းလဲလာသော သဘောထားနှင့် ငြိမ်းချမ်းရေးခြေလှမ်းများကို ငယ်ရွယ်စဉ်က အမေးပုစ္ဆာတစ်ပုဒ်လို ဝေခွဲမရဖြစ်ရသော်လည်း ယခုအသက်အရွယ်တွင် နားလည်သဘောပေါက်လာမိသည်။ အဖြေက Old Soldier Never Fight ဆိုသည့်နှယ် ဝါရင့်စစ်သားအိုကြီးများသည် စစ်၏ အနိဋ္ဌာရုံများကို ကိုယ်တိုင်ကိုယ်ကျ သိရှိနားလည်သဘောပေါက်သွားခဲ့ကြ၍ ဖြစ်ပါလိမ့်မည်**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၉**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ NCA နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီတွင်ပါဝင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင်**(ယာပုံ)** NCA (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့်ပတ်သက်၍ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များ၊ အဆုံးအဖြတ်ရယူရန် လိုအပ်သည့်ကိစ္စများကို ဆွေးနွေးပေးစေလိုကြောင်း၊ ဓာတ်ပုံပြပွဲတွင် မှတ်တမ်းဓာတ်ပုံများ ထပ်မံဖြည့်စွက်ပြသနိုင်ရေး၊ သုံးစွဲမည့်ရန်ပုံငွေများအား စနစ်တကျသုံးစွဲရေး၊ ရန်ပုံငွေသုံးစွဲမှုအပေါ် စာရင်းစစ်ခံနိုင်ရေး စာရင်းဇယားများအား စနစ်တကျထားရှိဆောင်ရွက်ပေးရန် လိုအပ်ကြောင်းပြောကြားသည်။ ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က အခမ်းအနားကျင်းပရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေး**

ဆက်လက်၍ တက်ရောက်လာသည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များက မိမိတို့ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ကျောက်တန်းမြို့နယ်၊ သာကေတမြို့နယ်နှင့် အလုံမြို့နယ်အတွင်းရှိ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၉**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ သီလဝါ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ သာကေတမြို့နယ်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများနှင့် အလုံမြို့နယ်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံများ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သီလဝါသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံများနှင့် အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများသို့ ရောက်ရှိရာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမြင့်က ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များ၊ ဓာတ်အားပေးစက်ရုံများ၏ နှစ်အလိုက် ဓာတ်အားထုတ်လုပ်မှု၊ ဓာတ်ငွေ့ရရှိသုံးစွဲမှု၊ ဓာတ်အားပေးစက်များ မောင်းနှင်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပို့လွှတ်ပေးနေမှုနှင့် ဓာတ်အားပေးစက်များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေများကို လည်းကောင်း၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရအောင်ဘိုက အလုံပင်မဓာတ်အားခွဲရုံ၏ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးမှုဆိုင်ရာ အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ထိန်းသိမ်းပြုပြင်ရန် လိုအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စက်ရုံများသည် Build Operate Transfer (BOT) စနစ်နှင့် Build Operate Own (BOO) စနစ်တို့ဖြင့် ဆောင်ရွက်နေသော စက်ရုံများ ဖြစ်သည့်အလျောက် လွှဲပြောင်းချိန်တွင် ထိန်းညှိမောင်းနှင်နိုင်ရန်အတွက် ယခုအချိန်မှစတင်၍ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိစေရေး ဆောင်ရွက်သွားကြရန်နှင့် စက်များ စွမ်းအားပြည့် လည်ပတ်ချိန်ကာလရောက်ရှိမှ ပြင်ဆင်ရခြင်းမျိုး မရှိရအောင် အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်စက်အရန်ပစ္စည်းများကိုလည်း အသင့်ကြိုတင်စုဆောင်းထားရှိရန် လိုအပ်ကြောင်း၊ သို့မှသာ ချွတ်ယွင်းမှုဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်နိုင်မည်ဖြစ်ကြောင်း၊ စက်ရုံများအနေဖြင့် အသစ်မတည်ဆောက်နိုင်မီကာလတွင်ရှိပြီး စက်ရုံများကို ပျက်စီးမှုမရှိစေရေး စနစ်တကျထိန်းသိမ်းပြုပြင် မောင်းနှင်နေရန် လိုအပ်ကြောင်း မှာကြားပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဓာတ်အားပေးစက်ရုံများရှိ ဓာတ်အားထိန်းချုပ်ခန်းများအတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးနေမှုနှင့် ဓာတ်အားပေးစက်များမောင်းနှင်ဓာတ်အား ထုတ်လုပ်မှုအခြေအနေ၊ Maxpower(Thaketa) Co.,Ltd၊ U Energy Tharkayta Power Co.,Ltd၊ Myanmar Ahlone Power Plant Co.,Ltd နှင့် Toyo Thai Power Myanmar Co.,Ltd တို့၏ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နေမှုအခြေအနေ၊ TTCL Power Myanmar Co.,Ltd ၏ 380 MW (Gross) Class Combined Cycle Power Plant တည်ဆောက်မည့်မြေနေရာတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ထို့အတူ အာရပ် – အစ္စရေး ခြောက်ရက်စစ်ပွဲကာလအတွင်းက အစ္စရေးကာကွယ်ရေးဦးစီးချုပ်ဖြစ်ခဲ့သူ ဝန်ကြီးချုပ် ယစ်ဇတ်ရာဘင်သည် ၁၉၉၃ ခုနှစ် အောစလိုငြိမ်းချမ်းရေး သဘောတူညီချက်အရ အစ္စရေးနိုင်ငံသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ ပီအယ်လ်အိုကို တရားဝင်အဖွဲ့အစည်းတစ်ရပ်အဖြစ် အသိအမှတ်ပြုပြီး ပီအယ်လ်အိုခေါင်းဆောင် ယာဆာအာရာဖတ်ကိုလည်း ပါလက်စတိုင်းလူမျိုး ခေါင်းဆောင်အဖြစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့်တကွ အသိအမှတ်ပြုခဲ့သည့်အတွက် ၁၉၉၅ ခုနှစ်တွင် အစွန်းရောက်အစ္စရေးလူငယ်တစ်ဦး၏ သေနတ်နှင့်အနီးကပ်လုပ်ကြံသတ်ဖြတ်ခဲ့မှုကြောင့် ကွယ်လွန်ခဲ့ရရှာပါသည်။

စစ်၏အနိဋ္ဌာရုံများ ချုပ်ငြိမ်းပပျောက်ပြီး ဒေသအတွင်း ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ရရှိခံစားစေရန် ငြိမ်းချမ်းရေးအကျိုးကိုဆောင်ရင်းမသမာသူအစွန်းရောက်သမားများ၏ လက်ချက်ကြောင့် ငြိမ်းချမ်းရေးအတွက် အသက်ပေးဆပ်ခဲ့ရသည့် ဆာဒတ်နှင့် ရာဘင်တို့အား ငြိမ်းချမ်းရေးကို လိုလားသူ ကမ္ဘာ့ပြည်သူများအနေဖြင့်လည်း အောက်မေ့အမှတ်ရနေကြမည် ဖြစ်ပါသည်။

သို့ရာတွင် သဘောထားတင်းမာသူများ၊ စစ်လိုလားသူ စစ်ဝါဒီများ၊ hard–liner တရားသေအမာဂိုဏ်းသားများ တွင်ကျယ်ကြီးစိုးသည်နှင့်အမျှ ခေတ်အဆက်ဆက် လူ့သမိုင်းတစ်လျှောက်တွင် ကြောက်စရာစစ်မောင်းသံနှင့် စစ်ချီသံများကို မရပ်မနား ကြားနေကြရပါဦးမည်။

သို့နှင့်အမျှ သဘောထားပျော့ပျောင်းပြီး ငြိမ်းချမ်းရေးကိုမြတ်နိုးသူ၊ ငြိမ်းချမ်းရေးကို ရှေးရှုသူ ငြိမ်းချမ်းရေးဝါဒီခေါင်းဆောင်များ ပိုမိုပေါ်ထွက်လာစေရန် ငြိမ်းချမ်းရေးကို လိုလားသူ ကမ္ဘာ့ပြည်သူများက ပိုမိုထောက်ခံအားပေးကြရပါမည်။ သို့မှသာ ကမ္ဘာ့ငြိမ်းချမ်းရေးသည် ပို၍အခွန့်ရှည်ကြာ တည်တံ့ခိုင်မြဲလာမည်ဖြစ်ပေသည်။ ။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။ မုတ်သုံလေဖိအားနည်းမြောင်းတန်းသည် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်နှင့် မုတ္တမကွေ့ဒေသများမှ ဖြတ်သန်းလျက်ရှိသည်။ **မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်**

အခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ခြင်းလုံးအားကစားသမားမောင်/မယ်များအနေဖြင့် ရိုးရာခြင်းလုံးအားကစားပြိုင်ပွဲမှတစ်ဆင့် ချစ်ကြည်ပူးပေါင်းမှုရရှိပြီး ပြည်ထောင်စုစိတ်ဓာတ် တိုးတက်မြင့်မားရေး၊ အမျိုးသားရေးစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ မြန်မာ့ရိုးရာအမွေအနှစ်ဖြစ်သည့် ခြင်းလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရေး၊ ရိုးရာအမွေအနှစ်ကို ဆက်ခံထိန်းသိမ်းနိုင်သည့် ထူးချွန်သော ရိုးရာခြင်းလုံးအားကစားမောင်/မယ်သစ်လွင်များ ပေါ်ပေါက်စေရေးတို့အတွက် အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားကြစေလိုကြောင်း ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။



ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးသည် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **(ဓာတ်ပုံ)**

ဆက်လက်၍ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် မလှဲ့ဝတီဇော်က ရိုးရာခြင်းလုံး တစ်ကိုယ်တော် သရုပ်ပြဖျော်ဖြေတင်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်ပရိသတ်များသည် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင်နေမှုကိုကြည့်ရှုအားပေးကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲကို ကျင်းပခြင်းဖြင့် “ခြင်းလုံးအစ မြန်မာက” ဆိုသည့်အတိုင်း ကမ္ဘာသို့တိုင်အောင် ဖော်ဆောင်နိုင်ရေး၊ မြန်မာ့ရိုးရာခြင်းလုံးအားကစား ဖွံ့ဖြိုးတိုးတက်လာစေရေး၊ မျိုးဆက်သစ်ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ် ထိန်းသိမ်းမြှင့်တင်ပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရေးအတွက်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

**အခမဲ့လာရောက်ကြည့်ရှုနိုင်**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲကို အောက်တိုဘာ ၉ ရက်မှ ၁၂ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၂ သင်း၊ အမျိုးသမီးအသင်း ခြောက်သင်း၊ အားကစားသမား စုစုပေါင်း ၁၈၆ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပဲခူးမြို့ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်ထောက်ပံ့

**နေပြည်တော် အောက်တိုဘာ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တာဝန်ရှိသူများနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်လျက်ရှိသည့် ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်၌ တာပေါင်ရေကျော်နေမှု၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ရွှေ့ပြောင်းပေးနေမှု၊ ကူညီကယ်ဆယ်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓမ္မလက်ာရကျောင်းတိုက် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းနှင့် မွန်ဓမ္မာရုံကယ်ဆယ်ရေး စခန်းများရှိ ရေဘေးရှောင် ပြည်သူများနှင့် တွေ့ဆုံပြီး သဘာဝဘေးသင့်ပြည်သူများကို အချိန်နှင့်တစ်ပြေးညီ ကူညီထောက်ပံ့ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

**ထောက်ပံ့ပေးအပ်**

အရေးပေါ် လိုအပ်လာနိုင်မည့် ကျန်းမာရေးကိစ္စရပ်များ၊ နောက်ဆက်တွဲ ကူးစက်ရောဂါများ မဖြစ်ပွားစေရေး၊ မြွေနှင့်ကင်းကဲ့သို့သော အဆိပ်ရှိသတ္တဝါများ အန္တရာယ်မှ သတိပြုနေထိုင်ရေးနှင့် ရေဘေးရှောင်စခန်းများ၌ ခေတ္တလာရောက်သည့် ပြည်သူများအနေဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြရန် လိုအပ်ကြောင်း ပြောကြားကာ ရေဘေးရှောင် ကယ်ဆယ်ရေးစခန်း ၃၆ ခုမှ အိမ်ထောင်စု ၃၄၆၅ စု၊ ဘေးသင့်ပြည်သူ ၁၄၃၀၄ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၃၀၀၃၈၄၀၀ နှင့် ခေါက်ဆွဲခြောက်၊ ကြက်ဥ၊ ရေသန့်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ရေဘေးကွပ်ကဲရေးစခန်း ဖွင့်လှစ်ထားရှိသည့် သာသနာ့ဗိမာန်သို့ ရောက်ရှိရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပဲခူးမြို့အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပေါ်နေမှု၊ တိုင်းဒေသကြီး သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့မှစီမံဆောင်ရွက်ပေးနေမှု၊ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးနေမှု၊ စခန်းများတွင် စားရေရိက္ခာ စီမံထားရှိမှု၊ ကျန်းမာရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဖိုက်ဘာစက်လှေများနှင့် အရေးပေါ်အသုံးပြုရန် ရေသန့်စင်ဆေးပြားများ ထောက်ပံ့ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကွင်းဆင်းကြည့်ရှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ ရှင်စောပုရပ်ကွက် အုန်းပင်လမ်း လမ်းမကြီးနှင့် မဂ္ဂတစ်လမ်းဆုံ ရေဝင်ရောက်မှု အခြေအနေနှင့် ပဲခူးမြို့ မြို့ရှောင်လမ်းနှင့် ကတွင်းချန်ရွာ ရေထွက်ပေါက်မှ ရေလွှဲထုတ်နိုင်မည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများအတွက် အင်္ဂလိပ်စာစွမ်းရည်တိုးတက်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၃) နှင့် Locus Map Software အသုံးပြုနည်း၊ UTM မြေပုံဖတ်နည်း၊ မြေပုံဖြတ်ခြင်း/ ဆက်ခြင်း သင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် အင်္ဂလိပ်စာစွမ်းရည်တိုးတက်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၃) နှင့် Locus Map Software အသုံးပြုနည်း၊ UTM မြေပုံဖတ်နည်း၊ မြေပုံဖြတ်ခြင်း/ ဆက်ခြင်း သင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန် / ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်း နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

**စဉ်ဆက်မပြတ်လေ့လာ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် စနစ်တကျလေ့လာဆည်းပူး သင်ယူသည့်အပြင် သင်တန်းပြီးဆုံးသည့် နောက်ပိုင်းတွင်လည်း လေ့လာသင်ယူရရှိခဲ့သည့် ပညာရပ်များကို အခြေခံ၍ စဉ်ဆက်မပြတ် လေ့လာလေ့ကျင့်သွားကြရန် မှာကြားလိုပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ များစွာ အထောက်အကူပြုမည့် Locus Map Software အသုံးပြုနည်း၊ UTM မြေပုံဖတ်နည်း၊ မြေပုံဖြတ်ခြင်း/ဆက်ခြင်း သင်တန်းကိုလည်း တစ်ပြိုင်တည်း ဖွင့်လှစ်ပေးခြင်း ဖြစ်ပါကြောင်း၊ ယခုခေတ်ကာလတွင် အချိန်နှင့် အမျှ တိုးတက်လျက်ရှိသော IT နည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ပါက ဝန်ကြီးဌာန၏ လုပ်ငန်းစဉ် ၂ ရပ်ဖြစ်သော နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို များစွာ အထောက်အကူ ဖြစ်စေပြီး ပြည်နယ်/ ပြည်မ အကြားအလပ်မရှိ မျှတအချိုးညီစွာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ သင်တန်းတွင် သင်ကြားသည့် ဘာသာရပ်များကို သင်တန်းကာလအတွင်း လက်တွေ့ အသုံးချနိုင်သည်အထိ သင်ယူကြရန်နှင့် မိမိတို့ရုံးဌာနခွဲ အသီးသီး၌လည်း ပြန်လည် ဆင့်ပွားသင်ကြားပေးကြရန် တိုက်တွန်းပါကြောင်း မှာကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် အင်္ဂလိပ်စာစွမ်းရည် တိုးတက်ရေးသင်တန်း နည်းပြ ဦးသန်းဆွေက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သင်တန်းများ ပို့ချသင်ကြားနေမှုကိုကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ဝန်ထမ်းများအတွက် အခြေခံရုံးလုပ်ငန်းသင်တန်း (ဒုတိယအကြိမ်) ဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၉

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ အရာထမ်း/အမှုထမ်းများအတွက် ၂၀၂၃ ခုနှစ်၊ အခြေခံရုံးလုပ်ငန်းသင်တန်း (ဒုတိယအကြိမ်) သင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ကော်မရှင်ရုံး Conference Room ၌ ကျင်းပသည်။**

အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းတက်ရောက်ရမည့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များသည် ရုံးလုပ်ငန်းများစွမ်းဆောင်ရာတွင် အရေးကြီးသည့်အပြင် ကော်မရှင်၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် အရည်အသွေး မြှင့်တင်ပေးခြင်း ဖြစ်ကြောင်း၊ အခြေခံသင်တန်းပြီးလျှင်လည်း အခြားစွမ်းဆောင်ရည်မြင့်မားစေမည့် သင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ သင်ကြားပေးမည့် နည်းပြများအနေဖြင့်လည်း အားထုတ်သင်ကြားပေးစေလိုပြီး သင်တန်းသား သင်တန်းသူများအနေဖြင့်လည်း အလေးထား ကြိုးစားသင်ယူသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က သင်တန်းတွင်း လိုက်နာရန်စည်းကမ်းများ၊ အုပ်ချုပ်မှုဆိုင်ရာ ညွှန်ကြားချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



အဆိုပါ သင်တန်းအား ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများအပါအဝင် သင်တန်းသား အရာထမ်း/ အမှုထမ်း ၁၆ ဦးဖြင့် အောက်တိုဘာ ၉ ရက်မှ ၂၀ ရက်အထိ နှစ်ပတ်ကြာ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❊ *ကျော့ဖုံးမှ*

အသင်းက ခြေစွမ်းကောင်းပြသကာ လူစားဝင် ကစားသမားမာတင်နယ်လီ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည့်အတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း လိဂ်ပြိုင်ပွဲတွင် မန်စီးတီးအသင်းကို ပထမဆုံး အကြိမ်နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ယခုပွဲစဉ်မတိုင်မီ တွေ့ဆုံခဲ့သည့် ပရီမီယာလိဂ် ကန့်လန့်ကာအဖွင့် ကွန်မြူနတီ ဒိုင်းလုပွဲတွင်လည်း အာဆင်နယ်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ထားသည့် အသင်းဖြစ်သည်။ ယခုပွဲစဉ်တွင်လည်း မန်စီးတီးအသင်းသည် နိုင်ပွဲရရှိရေး အဓိကကစားသမားအများစုဖြင့် ပွဲထွက်လာခဲ့သော်လည်း ခြေစွမ်းပြသနိုင်ခြင်း မရှိခဲ့ချေ။

**ဆက်လက်ယှဉ်ပြိုင်သွားမည်**

ယခုအနိုင်ပွဲကြောင့် အာဆင်နယ်အသင်းသည် ရမှတ် ၂၀ ဖြင့် အဆင့် (၂) နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ပြိုင်ဘက် မန်စီးတီးအသင်းက ယခုပွဲရှုံးနိမ့်မှုကြောင့် ရမှတ် ၁၈ မှတ်ဖြင့် အဆင့် (၃) နေရာတွင် ရပ်တည်နေသည်။ အာဆင်နယ်အသင်းသည် လာမည့်ပွဲစဉ်တွင်လည်း ခြေစွမ်းအတက်ဘက်ရောက်နေသည့် ချယ်ဆီးအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

**အောင်ဇော်**

❂ *ကျော့ဖုံးမှ*

နှစ်ဂိုး၊ သိုင်းဘွဲ့အောင်နှင့် လှိုင်မင်းထွန်းတို့က တစ်ဂိုးစီသွင်းယူပြီး ကျန်တစ်ဂိုးမှာမူ အိန္ဒိယကစားသမား ကိုယ့်ဂိုးကိုယ် သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် အောက်တိုဘာ ၁၁ ရက်တွင် အိမ်ရှင် တာဂျစ်ကစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပနေပြီး ထိပ်ဆုံးရှစ်သင်းနှင့် ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံး ခုနစ်သင်း၊ စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ **ရဲရင့်လွင်**

**ဓာတ်ပုံ-MFF**

❏ *ကျော့ဖုံးမှ*

စက်တင်ဘာ နိုင်ငံတကာရက်သတ္တပတ်၊ မြန်မာယူ-၂၃ အသင်း၏ နိုင်ငံတကာပြိုင်ပွဲသုံးခုကြောင့် ဩဂုတ် ဒုတိယပတ်ကတည်းက ရပ်နားထားသည့် MNL အမှတ်ပေးပြိုင်ပွဲကို နှစ်လကျော် ရပ်နားပြီးနောက် အောက်တိုဘာ တတိယပတ်တွင် ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ပွဲစဉ် (၁၇) နှင့် (၁၈) ကို အောက်တိုဘာလအတွင်း ကျင်းပမည်ဖြစ်ပြီး ပွဲစဉ် (၁၉) နှင့် (၂၀) ကို နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်သည်။ ပွဲစဉ် (၁၆)၊ (၂၁) နှင့် (၂၂) ကျင်းပမည့်ရက်များကိုမူ မြန်မာနေရှင်နယ်လိဂ်က ထပ်မံထုတ်ပြန်မည်ဖြစ်သည်။ ပွဲစဉ် (၁၅) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၄၁ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၃၇ မှတ်၊ ဟံသာဝတီအသင်းက ၂၅ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၂ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၁ မှတ်၊ မြဝတီအသင်းက ၁၉ မှတ်၊ ဒဂုံစတားနှင့် ရတနာပုံအသင်းက ၁၈ မှတ်စီ၊ ရခိုင်ယူနိုက်တက်အသင်းက ၁၇ မှတ်၊ ဧရာဝတီအသင်းက ၁၅ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ်၊ GFA အသင်းက ရှစ်မှတ် ရရှိထားသည်။

ပထမဆုံးပြန်လည်ကျင်းပမည့် ပွဲစဉ် (၁၇) အဖြစ် အောက်တိုဘာ ၂၀ ရက်တွင် YUSC ကွင်း၌ မြဝတီအသင်းနှင့် ဧရာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် မဟာယူနိုက်တက်အသင်း၊ အောက်တိုဘာ ၂၁ ရက်တွင် သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ အောက်တိုဘာ ၂၂ ရက်တွင် သုဝဏ္ဏကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ အောက်တိုဘာ ၂၃ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ဒဂုံစတားအသင်း၊ သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ကိုယ့်အလုပ် ကိုယ်မလုပ် အရှုပ်ဖွ မီးတစ်စ ဘီအန်ပီ

မိုးမြင့်

**ဘင်္ဂလားဒေ့ရှ်နိုင်ငံက အတိုက်အခံပါတီတစ်ခုဖြစ်တဲ့ BNP(Bangladesh Nationalist Party) ဟာ ၃ -၉ -၂၀၂၅ ရက်နေ့က Rhohingya Crisis and Repatria–tion Seminor ဆွေးနွေးပွဲတစ်ခုကို ကျင်းပခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲမှာ သူတို့အခေါ် ရိုဟင်ဂျာ ( ယခုဆောင်းပါးမှာတော့ တရားမဝင်အခေါ် ရိုဟင်ဂျာအစား တရားဝင်အမည် ဘင်္ဂါလီလို့ပဲ တောက်လျှောက်ရေးသား သုံးစွဲသွားပါ့မယ်) အကျပ်အတည်းနဲ့ နေရပ်ပြန်နိုင်ရေးအတွက် ထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရေး အဆိုပြုချက် ၁၆ ချက်နဲ့ ပတ်သက်ပြီး သတင်းဆောင်းပါးတစ်ခုမှာ ဖော်ပြပါရှိတာကို ဖတ်ရှုလိုက်ရပါတယ်။**

> ● **မြန်မာဘက်ကတော့ ပြန်လည်ခေါ်ယူမယ့် အထောက်အထားခိုင်လုံတဲ့ ဘင်္ဂါလီအရေအတွက်ကို သတ်မှတ်ပြီးဖြစ်တဲ့အတွက် အပြုသဘောဆောင်ပါတယ်။ ဘင်္ဂါလီ ၁၁၇၆ ဦးကို ပြန်လည်ခေါ်ယူပြီး မောင်တောမှာ နေရာချပေးသွားမယ့် အစီအစဉ်ရှိပြီးဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ဘင်္ဂါလီ ဒုက္ခသည်တွေအတွက် နိုင်ငံတကာအလှူငွေတွေကို မျက်စိကျနေဖွယ်ရှိနေတဲ့ BNP က မြန်မာဘက်က ထိုဆောင်ရွက်ချက်ကို ထောင်ချောက်တစ်ခုဖြစ်တယ်လို့သဘောထားနေခြင်းဟာ အဆိုးမြင်သက်သက်ပဲလို့ပဲ မှတ်ယူရပါလိမ့်မယ်**

**ဖန်တီးနေကျနိုင်ငံရေးကစားကွက်တစ်ခုသာ**

ဆိုရရင် BNP ဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရကို လက်ရှိဦးဆောင်နေတဲ့ ရှိတ်ဟာစီနာရဲ့ အဝါမီလိဂ်ပါတီကို အတိုက်အခံလုပ်နေတဲ့ပါတီပါ။ လာမယ့်ရွေးကောက်ပွဲမှာ အဝါမီလိဂ်ကို အနိုင်ယူပြီး လက်ရှိအာဏာရပါတီ အင်အားနည်းသွားစေဖို့ ဖန်တီးနေကျ နိုင်ငံရေးကစားကွက်တစ်ခုထက် မပိုဘူးလို့လည်း ယူဆမိပါတယ်။

မြန်မာနိုင်ငံသမိုင်းမှာမရှိတဲ့ လူမျိုးအရေးကို သူ့ပြည်တွင်း နိုင်ငံရေးထဲ ဆွဲသွင်းဖို့ကြံစည်နေခြင်း ဖြစ်နိုင်မယ်လို့ သုံးသပ်ပါတယ်။ ဘင်္ဂါလီတွေနဲ့ ပတ်သက်ပြီး လက်ရှိရှိတ်ဟာစီနာအစိုးရကိုရော မြန်မာနဲ့ ဆက်ဆံရေးအပါအဝင် နှစ်နိုင်ငံအစိုးရတွေရဲ့ လက်ရှိဆောင်ရွက်ချက်တွေအပေါ်မှာပါ ဝေဖန်တိုက်ခိုက်ချင်ပုံရပါတယ်။ BNP အတိုက်အခံတွေဟာ သူတို့သာအာဏာရလာရင် ဘင်္ဂါလီအရေးကို နိုင်ငံရဲ့ အမျိုးသားရေးတစ်ရပ်နဲ့ရော အရေးကြီးတဲ့ နိုင်ငံခြားရေးမူဝါဒတစ်ရပ်အနေနဲ့ပါ ပုံဖော်သွားမယ်ဆိုတာကို အခုကတည်းက လေသံပစ်နေခြင်း ဖြစ်ပါတယ်။

သူတို့က ယခုလိုရှုပ်ထွေးပွေလီနေတဲ့ အရှုပ်အထွေးကြီးအတွက် အပြုသဘောမဆောင်တဲ့ အဖြေတစ်ခုကို မရမက ထုတ်ချင်နေပုံရပါတယ်။ ဒါပေမယ့် အစဉ်အဆက်နိုင်ငံရေး ပယောဂတွေပါပြီး လူမျိုးရေးနဲ့ ဘာသာရေးဦးစားပေး အစွန်းရောက် အယူအဆတွေနဲ့အဖြစ်မှန်ကို အခြေမခံ၊ သတင်းမှားတွေအပေါ်မှာသာ အခြေခံထားတဲ့ အဖြေဟာ အစစ်အမှန်ဘယ်လိုမှ ဖြစ်နိုင်စရာ အကြောင်းမရှိဘူးလို့ဘဲ မြင်ပါတယ်။ ရှင်းရှင်းလေးပါ။ မမှန်ကန်တဲ့ လူမျိုးတုန်း ရှင်းလင်းရေး တစ်ဖက်သတ်ရပ်တည်ချက်ကို ကိုင်စွဲနေသရွေ့ ဘယ်တော့မှ အဖြေမှန်မထွက်နိုင်ဘူးဆိုတာ။

**မြန်မာဘက်က**
**အပြုသဘောရပ်တည်ချက်ရှိပြီးဖြစ်**

မြန်မာနိုင်ငံတော်အစိုးရနဲ့ မြန်မာဘက်က ဆောင်ရွက်ချက်တွေအပေါ် သူတို့တွေရဲ့ တုံ့ပြန်ပုံနဲ့ သဘောထားတွေဟာ အမြဲလိုလို မှန်ကန်ခြင်း မရှိခဲ့ပါဘူး။ ဘင်္ဂါလီတွေကို သတ်တယ်။ သားမယားပြုကျင့်တယ်။ ရွာလုံးကျွတ်မီးရှို့တယ်။ ပြန်ပေးဆွဲခြိမ်းခြောက်တယ် စတဲ့ အခြေအမြစ်မရှိ စွပ်စွဲချက်တွေ ထုတ်လွှင့်ပြီး ဘင်္ဂါလီတွေကို ဒုက္ခသည်တွေအဖြစ် ဖန်တီး၊ မျောက်ပြဆန်တောင်းဘဝအရောက်ခံရတဲ့ ဘင်္ဂါလီတွေဟာ ထိုးကျွေးခံနေရခြင်းသာဖြစ်တယ်လို့ ပြောရမှာဖြစ်တယ်။

မြန်မာဘက်ကတော့ ပြန်လည်ခေါ်ယူမယ့် အထောက်အထားခိုင်လုံတဲ့ ဘင်္ဂါလီအရေအတွက်ကို သတ်မှတ်ပြီးဖြစ်တဲ့အတွက် အပြုသဘောဆောင်ပါတယ်။ ဘင်္ဂါလီ ၁၁၇၆ ဦးကို ပြန်လည်ခေါ်ယူပြီး မောင်တောမှာ နေရာချပေးသွားမယ့် အစီအစဉ်ရှိပြီး ဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ဘင်္ဂါလီဒုက္ခသည်တွေအတွက် နိုင်ငံတကာအလှူငွေတွေကို မျက်စိကျနေဖွယ်ရှိနေတဲ့ BNP က မြန်မာဘက်က ထိုဆောင်ရွက်ချက်ကို ထောင်ချောက်တစ်ခုဖြစ်တယ်လို့ သဘောထားနေခြင်းဟာ အဆိုးမြင်သက်သက်ပဲလို့ပဲ မှတ်ယူရပါလိမ့်မယ်။

**ရိုးသားမှုမရှိ မဖြောင့်မတ်သော**

အပြည်ပြည်ဆိုင်ရာတရားရုံး ICJ မှာ တရားစွဲတဲ့ကိစ္စ၊ စကတည်းက တရားမစွဲသင့်တဲ့ကိစ္စကို တရားမစွဲသင့်ကြောင်း ကန့်ကွက်လွှာ တင်သွင်းခဲ့ပြီးဖြစ်တယ်။ တရားစွဲခဲ့တဲ့ အာဖရိကမှ ဂမ်ဘီယာဟာ မြန်မာမှာဖြစ်ခဲ့တဲ့ ဘင်္ဂါလီအရေးအခင်းနဲ့ ပတ်သက်ပြီး ကိုယ်ကျိုးစီးပွား ထိခိုက်တဲ့နိုင်ငံလည်း မဟုတ်ပါဘူး။ အစ္စလာမ္မစ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) နောက်ကွယ်က ခိုင်းတဲ့အတိုင်းလုပ်ရတဲ့ ခိုင်းဖတ်သာသာရဲ့ တရားစွဲတဲ့ကိစ္စကို ICJ က လက်ခံခဲ့ကတည်းက သူ့စည်းသူ့ကမ်း၊ သူ့ articles တွေကို ကိုယ်တိုင် ချိုးဖောက်ခဲ့တဲ့ ICJ ဖြစ်သွားပါပြီ။

အတိုက်အခံ BNP ပါတီရဲ့ အဆိုပြုချက် ၁၆ ချက်ထဲမှာ မြန်မာနိုင်ငံ အနောက်ဘက်ကို ARSA ဦးဆောင်ပြီး ဘင်္ဂါလီတွေစနစ်တကျနဲ့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျူးကျော်တိုက်ခိုက်ခံခဲ့ရတဲ့ နယ်မြေရဲစခန်း ၃၀ ကျော်ရဲ့ အချုပ်အခြာချိုးဖောက်ခံရတဲ့ ဖြစ်အင်တွေ၊ တိုက်ခိုက်သတ်ဖြတ်ခံခဲ့ရပြီး လူသားချင်းစာနာထောက်ထားမှု ချိုးဖောက်ခံနေရဆဲဖြစ်တဲ့ ရခိုင်နဲ့ ဟိန္ဒူမြို၊ ခမီ၊ ဒိုင်းနက်မျိုးနွယ်စုတွေရဲ့ ဆိုးဆိုးရွားရွား အဖြစ်သနစ်တွေကို ဘာတစ်ခုမှ မဖော်ပြခဲ့ခြင်းဟာ ရိုးသားမှုမရှိ၊ ကောက်ကျစ်တဲ့ BNP ရဲ့ သရုပ်သကန်ပါပဲ။

ဒါကြောင့်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံရေးသမိုင်းမှာ ရွေးကောက်ပွဲတိုင်းရှုံးနိမ့်၊ နောက်ဆုံးကျင်းပခဲ့တဲ့ ၂၀၁၈ ရွေးကောက်ပွဲမှာ ၁၃ ရာခိုင်နှုန်းသာ မဲရခဲ့ပြီး ပါလီမန်မှာ ခုနစ်နေရာသာ ရရှိခဲ့ခြင်းဟာ မထူးဆန်းသလိုဖြစ်နေပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရေး သမိုင်းမှာ အစဉ်အလာကြီးမားခဲ့တဲ့ အတိုက်အခံပါတီကြီးတစ်ခုလို့ ပြောဆိုသတ်မှတ်ရလောက်အောင်ကို အခွင့်အလမ်းမရှိတဲ့ ပါတီတစ်ခုအဖြစ် မှတ်ယူပါတယ်။

**တစ်ကျိတ်တည်းတစ်ဥဏ်တည်း**
**မီးမွှေးမယ့်စနက်တံ**

ယခုလို မမှန်မကန်အချက်တွေက သိပ်ကို လူသားဆန်ပါတယ်။ လစ်ဘရယ်ဆန်ပြီး လူ့အခွင့်အရေးကို ရှေ့တန်းတင်ပါတယ်ဆိုတဲ့ ကမ္ဘာ့နိုင်ငံတချို့နဲ့ အာဆီယံကို စည်းရုံးဖို့ကြိုးစားလာခြင်းဟာ ကမ္ဘာကြီးကို အကွဲကွဲအပြားပြားဖြစ်အောင်နဲ့ အာဆီယံကိုလည်း ညီညွတ်မှုပြိုကွဲအောင် လုပ်လိုက်သလို ဖြစ်စေတယ်ဆိုတဲ့ အချက်ကိုတော့ သတိပြုမိဖို့ လိုပါတယ်။

၂၀၁၂ ခုနှစ်လောက်ကတည်းက ဘင်အရေးလှုပ်ရှားမှုကို ကြီးထွားလာအောင် ဘင်နိုင်ငံရေးသမားတွေက စခဲ့ကြတာကို အမှတ်ရနေဖို့လိုပါတယ်။ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နဲ့ ဘင်သုံးပွင့်ဆိုင်ကြားမှာ လူမျိုးရေးပြဿနာဖန်တီးပြီး ကမ္ဘာ့ပြဿနာကြီးဖြစ်လာအောင် လူနည်းစု ဘင်အရေးဆိုပြီး အမြဲဇာတ်နာအောင် လုပ်နေကြသူတွေထဲမှာ ယခုလို BNP ပါဝင်လာခြင်းက သူ့ပါတီအကျိုးစီးပွားနဲ့လည်း ဆက်စပ်နေပါတယ်။

ယခုလို ဆွေးနွေးပွဲလုပ်၊ အဆိုပြုချက်များ ထုတ်ပြန်လိုက်ခြင်းဖြင့် BNP ဟာ မြန်မာပြည်သူတွေကို အမြဲမငြိမ်းချမ်းအောင်လုပ်နေတဲ့ OIC ၊ ဂျော့ဆိုးရော့ဇ်နဲ့ အနောက်အုပ်စု၊ ARU လို့ခေါ်တဲ့ Arakan Rohingya Union ၊ ICG International Crisis Group၊ HRW Human Right Watch တို့နဲ့ တစ်ကျိတ်တည်း တစ်ကြံတည်းဖြစ်ကြောင်း ပြသနေပါပြီ။ မှတ်ထားရမှာက ဘင်တွေဟာ သူတို့ကိုယ်ပိုင်ခွဲထွက်နယ်မြေတစ်ခုကို အသည်းအသန်လိုချင်နေတယ်။ ဖြစ်နိုင်ရင် သီးခြားနိုင်ငံတစ်နိုင်ငံအထိ ထူထောင်ချင်ကြတယ်။ ဒီထက်ဖြစ်နိုင်ရင် ရခိုင်ပြည်နယ်တစ်ခုလုံးအထိ သိမ်းပိုက်ချင်ကြသူတွေပါ။ ဒါကြောင့်လည်း သမိုင်းမှာ မရှိဘူးတဲ့ “ရို”ဆိုတဲ့အမည်ကို ဖန်တီးယူပြီး ကိုယ်ပိုင်လက္ခဏာ၊ ကိုယ်ပိုင်အသွင်အပြင်ဖြစ်အောင် အတင်းလုပ်ယူနေခြင်းဖြစ်ပါတယ်။ (ရိုဟင်ဂျာမှသည် အာရကန်ဒေ့ရှ် ) ဆိုတာ ဘင်တွေ၊ ဘင်ခေါင်းဆောင်တွေရဲ့ မဟာအိပ်မက်ပါပဲ။ ယခုတစ်ကြိမ် BNP ရဲ့ အဆိုပြုချက် ၁၆ ချက်ဟာ ဘင်တွေရဲ့ နှစ်ရှည်အိပ်မက်ကို အကောင်အထည်ဖော်မယ့် စနက်တံတစ်ခု မီးမွှေးမယ့် အခွင့်အလမ်းတစ်ခုအဖြစ် မြင်ကြဖို့ လိုပါတယ်။

**သမိုင်းကိုမမေ့ပါနဲ့**

သူတို့ရဲ့ အဆိုပြုချက်များထဲမှာ Genocide ကိစ္စကြီးက ပါတုန်းပါပဲ။ သူတို့အကွက်ဆင်ပြီး Genocide အတုဖန်တီးလုပ်ယူပြီး မီးမွှေးခဲ့ကြတယ်၊ ဒါနဲ့ပဲ ရခိုင်ပြည်နယ်ကို ဖျက်ဆီးဖို့ကြံခဲ့ကြတယ်။ လွတ်လပ်ရေးသမိုင်းနဲ့အတူ ဘင်တွေသတ်လို့ သေခဲ့ရတဲ့ ရခိုင်လူမျိုးတွေ၊ ဘင်တွေဖျက်ဆီးလို့ ရာချီပျက်စီးခဲ့ရတဲ့ ရခိုင်ရွာတွေရဲ့သမိုင်းကို အိမ်နီးချင်းနိုင်ငံက BNP သိဖို့လိုသလို ယခုလည်း ရခိုင်လူမျိုးတွေ အသတ်ခံနေရဆဲပဲဆိုတာတို့ နိုင်ငံက GenZ နဲ့ တချို့လက်နက်ကိုင်အဖွဲ့တွေလည်း သိထားရမှာဖြစ်တယ်။

သူတို့ဟာ မြန်မာနိုင်ငံကို ဖျက်ဆီးဖို့ အမြဲကြံစည်နေခဲ့ကြသူတွေသာဖြစ်တယ်။

> ❋ **ယခုလို ဆွေးနွေးပွဲလုပ်၊ အဆိုပြုချက်များ ထုတ်ပြန်လိုက်ခြင်းဖြင့် BNP ဟာ မြန်မာပြည်သူတွေကို အမြဲမငြိမ်းချမ်းအောင်လုပ်နေတဲ့ OIC ၊ ဂျော့ဆိုးရော့ဇ်နဲ့ အနောက်အုပ်စု၊ ARU လို့ခေါ်တဲ့ Arakan Rohingya Union၊ ICG International Crisis Group ၊ HRW Human Right Watch တို့နဲ့ တစ်ကျိတ်တည်း တစ်ကြံတည်းဖြစ်ကြောင်း ပြသနေပါပြီ။ မှတ်ထားရမှာက ဘင်တွေဟာ သူတို့ကိုယ်ပိုင်ခွဲထွက်နယ်မြေတစ်ခုကို အသည်းအသန်လိုချင်နေတယ်၊ ဖြစ်နိုင်ရင် သီးခြားနိုင်ငံတစ်နိုင်ငံအထိ ထူထောင်ချင်ကြတယ်။ ဒီထက်ဖြစ်နိုင်ရင် ရခိုင်ပြည်နယ်တစ်ခုလုံးအထိ သိမ်းပိုက်ချင်ကြသူတွေပါ။ ဒါကြောင့်လည်း သမိုင်းမှာမရှိဘူးတဲ့ “ ရို ” ဆိုတဲ့အမည်ကို ဖန်တီးယူပြီး ကိုယ်ပိုင်လက္ခဏာ၊ ကိုယ်ပိုင်အသွင်အပြင်ဖြစ်အောင် အတင်းလုပ်ယူနေခြင်း ဖြစ်ပါတယ်။ (ရိုဟင်ဂျာမှသည် အာရကန်ဒေ့ရှ်) ဆိုတာ ဘင်တွေ၊ ဘင်ခေါင်းဆောင်တွေရဲ့ မဟာအိပ်မက်ပါပဲ။ ယခုတစ်ကြိမ် BNP ရဲ့ အဆိုပြုချက် ၁၆ ချက်ဟာ ဘင်တွေရဲ့ နှစ်ရှည်အိပ်မက်ကို အကောင်အထည်ဖော်မယ့် စနက်တံတစ်ခု မီးမွှေးမယ့် အခွင့်အလမ်းတစ်ခုအဖြစ် မြင်ကြဖို့လိုပါတယ်**

*စာမျက်နှာ ၁၁ သို့*

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ရွှေဘိုစက်မှုဇုန်အတွင်းရှိ ဆန်စက်များ၊ မွေးမြူရေးအစာတောင့်စက်ရုံနှင့် ဆီစက်တို့ကို ကြည့်ရှု

**မုံရွာ အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၆ ရက်က ရွှေဘိုမြို့ ရွှေဘိုစက်မှုဇုန်အတွင်းရှိ တစ်ရက်လျှင် တန် ၁၀၀ ကျ တိုးတိုးဆန်စက်၊ တစ်ရက်လျှင် တန် ၅၀ ကျသည့် မိဘဂုဏ်ဆန်စက်နှင့် တစ်ရက်လျှင် တန် ၁၅၀ ထုတ်လုပ်နေသည့် KT မွေးမြူရေးအစာတောင့် စက်ရုံနှင့် အေးရွှေစင်ဆီစက်လုပ်ငန်းများသို့ သွားရောက်ကြည့်ရှုသည်။

ထို့နောက် ရွှေဘိုခရိုင်အတွင်းရှိ လုပ်ငန်းရှင်များမှ တိုင်းဒေသကြီးဝန်ကြီးချုပ်အား စပါးကြိတ်ခွဲထုတ်လုပ်နေမှု၊ မွေးမြူရေးအစာတောင့်ထုတ်လုပ်နေမှု၊ မြေပဲဆီသန့်နှင့် နှမ်းဆီသန့် ထုတ်လုပ်နေမှု၊ ကုန်ကြမ်းလုံလောက်စွာရရှိမှု၊ ထုတ်ကုန်များကို အရည်အသွေးမြင့်မားစေရန် ကြိုးပမ်းဆောင်ရွက်မှုနှင့် နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေမှ ချေးငွေများ ရရှိကာ လုပ်ငန်းများတိုးချဲ့လုပ်ကိုင်၍ ဈေးကွက်သို့ ကုန်ပစ္စည်းလုံလောက်အောင် ထုတ်လုပ်တင်ပို့ ရောင်းချနေမှု၊ လျှပ်စစ်ဓာတ်အားနှင့် လုပ်သားရရှိမှု၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်သည်များကို တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ စက်ရုံများအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရွှေဘိုမြို့ ရွှေဘုံရတနာမင်္ဂလာ နန်းတော်သို့ရောက်ရှိရာ နန်းတော်အတွင်းရှိ



ရှင်းလင်းဆောင်နှင့်ရုံးခန်း အဆောက်အအုံ ပျက်စီးနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး နန်းတော် တာဝန်ခံနှင့် တည်ဆောက်ရေးတာဝန်ခံတို့မှ ရှင်းလင်းဆောင်နှင့်ရုံးခန်း အလျား ၆၅ ပေ၊ အနံ ၃၈ ပေ အာရ်စီတစ်ထပ်အဆောက်အအုံသစ် ဆောက်လုပ်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

## လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပ

**နိုင်ငံ၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်လေးများအနေဖြင့် အသိဉာဏ်ပညာ ဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများကို မြို့နယ်အသီးသီး၌ ကျင်းပလျက်ရှိသည်။**



### မိုင်းယု

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယုမြို့၌ လူငယ်များ အသိပညာ ဗဟုသုတ ပိုမိုတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ လူငယ် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၉ ရက်က မြို့မရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဦးအားချာက ဟောပြောပွဲ ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်နှင့်အတူ လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့်စာရိတ္တ စသည့် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မိုင်းယုနယ်မြေခံရဲစခန်းမှ စခန်းမှူး ရဲအုပ်နိုင်နိုင်ဝင်းက လူငယ်နှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း၊ လူငယ်နှင့် မူးယစ်ဆေးဝါးစသည့်ခေါင်းစဉ်များဖြင့် အသိပညာပေး ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများကို သုတ၊ ရသ၊ ဗဟုသုတရဖွယ်စာအုပ်များ ပြသခြင်းနှင့် အသိပညာပေးနံရံကပ်စာစောင်များကို ပြသကာ စသည့်အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **ကိုကိုနိုင်**

### ဇီးကုန်း

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလနှင့် ဘောဂဗလ အစရှိသည့် ဗလငါးတန်အပါအဝင် အထွေထွေအသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်မြင့်မားစေရန်အတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို အောက်တိုဘာ ၉ ရက်က ဇီးကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (အ.ထ.က- မြို့မ)၌ ပြုလုပ်သည်။

ဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးရဲထွဋ်ဦးက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဦးက လူငယ်စကားဝိုင်းများ ပြုလုပ်ခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ထို့နောက် လူငယ်စကားဝိုင်းကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ကာ အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲ၌ GRADE-10 မှကျောင်းသား ကျောင်းသူများဖြစ်သော မောင်ဆက်ကောင်းစံက လူငယ်နှင့် စာပေ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ပြည့်ဖြိုးကျော်က လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မထက်ရည်မွန်က လူငယ်နှင့်နည်းပညာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မမြတ်သက်ဆုက လူငယ်နှင့် မူးယစ်ဆေး ခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**

### အောင်လံ

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွန်းလာစေရေးနှင့် လူငယ်ကဏ္ဍကို မြှင့်တင်ရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဥပဒေရုံး၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် ပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၉ ရက်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးစိုးသန့်မိုးက အမှာစကား ပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးတင်ဆန်းဝေက ဥပဒေရေးရာအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်လင်းလင်းက ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးစေရန် လူငယ်ရေးရာအသိပညာပေး လူငယ်နှင့်အချိန်၏တန်ဖိုး ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး အခမ်းအနားသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇင်ဇင်မင်းမောင်(ပြန်/ဆက်)**

---

*စာမျက်နှာ ၁၀ မှ*

**၂၀၁၆ ခုနှစ်အောက်တိုဘာလက မောင်တောနဲ့ ရသေ့တောင်မှာရှိတဲ့ ကျီးကန်းပြင်၊ ငါးခူရနဲ့ ကိုးတန်ကောက် ရဲစခန်းဌာနချုပ်တွေနဲ့ ရဲစခန်းတွေကို ARSA အင်အား ရာနဲ့ချီ တိုက်ခိုက်ခဲ့တဲ့အတွက် လဝကဝန်ထမ်းအပါအဝင် ရဲတပ်ဖွဲ့ဝင်တွေကျဆုံး ဆုံးရှုံးခဲ့ရတဲ့ဖြစ်စဉ်တွေ၊ ကိုယ့်ရွာကိုယ်ပြန်မီးရှို့ပြီး ဟိန္ဒူရွာတွေကိုပါ မီးရှို့ခဲ့တဲ့ ဘင်တွေရဲ့ စနစ်တကျ လုပ်ကြံဖြစ်စဉ်တွေကို BNP အနေနဲ့ မျက်စိပိတ်၊ နားပိတ်မဖြစ်သင့်ဘူးလို့ ယူဆပါတယ်။**

**ဟိန္ဒူဘာသာဝင် အယောက် ၁၀၀ ကျော် အစုလိုက်၊ အပြုံလိုက် ရက်ရက်စက်စက် အသတ်ခံခဲ့ရပြီး ဟိန္ဒူအမျိုးသမီးတွေ ဘင်္ဂလားဒေ့ရှ်ထဲခေါ် အတင်းအကျပ်ဘာသာ ပြောင်းခံခဲ့ရတယ်။ Genocide နဲ့ ခွဲထွက်ခွင့်ကို ဆက်စပ်ထားပြီး အဆုံးမှာ ဂျီဟတ်စစ်ပွဲဆင်နွှဲလို့ရတဲ့အထိ ပုံဖော်သွားမယ်လို့လည်း သိထားကြပါတယ်။ ဒါ့အပြင် အကြမ်းဖက်အားပေး အမေရိကန်ရဲ့ Burma Act ကို ကြိုဆိုခြင်းအားဖြင့် BNP ဟာ အကြမ်းဖက်အားပေး ပါတီတစ်ရပ်သာ ဖြစ်နေကြောင်းလည်း သိသာထင်ရှားစေခဲ့ပါပြီ။**

**ကိုယ့်ပြည်တွင်းရေးသာပို၍အာရုံစိုက်သင့်**

မြန်မာနိုင်ငံရဲ့ ဘင်္ဂါလီအရေး အပြုသဘော ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး သူတို့ဘက်က လက်မခံနိုင်သလို ကျွန်တော်တို့ဘက်ကလည်း သူတို့ရဲ့တစ်ဖက်သတ် စွပ်စွဲချက်တွေအပေါ်မှာ လက်ခံနိုင်ဖွယ်ရာရှိမှာ မဟုတ်ပါဘူး။ BNP ရဲ့ အဆိုပြုချက်တွေဟာ မြန်မာနိုင်ငံအစိုးရသာမက တပ်မတော်နဲ့ ပြည်သူကိုပါ စော်ကားလိုက်ခြင်း ဖြစ်သလို အခြားနိုင်ငံရဲ့ ပြည်တွင်းရေးကိုပါ ဝင်ရောက်စွက်ဖက်ခြင်းလည်း ဖြစ်ပါတယ်။

နိုင်ငံ့ဂုဏ်သိက္ခာအတွက် မပြောမဖြစ်၊ မဆိုမပြီးမို့ အဖြစ်မှန်ကိုအခြေခံပြီး ကာကွယ်ပြောပြနေရတာ ဖြစ်တယ်။ အမှန်တကယ် နိုင်ငံအာဏာရယူချင်တဲ့ BNP ဟာ သူ့နိုင်ငံ၊ သူ့ပြည်တွင်းရေးကို ပိုပြီးဂရုစိုက်ရမယ့်အခြေအနေမှာ သူ့ပြည်သူတွေအတွက် လုပ်ပေးစရာတွေ အများကြီး ရှိနေတယ်ဆိုတာကို မေ့လျော့နေပုံရပါတယ်။

လူဦးရေအဆမတန်ပေါက်ကွဲတော့မယ့် အခြေအနေ၊ ဆင်းရဲမှုနဲ့ အလုပ်လက်မဲ့ ပြဿနာ၊ များပြားလှတဲ့ ရာဇဝတ်မှုခင်း၊ လေလွင့်ကလေးသူငယ်ပြစ်မှုတွေ၊ အဂတိလိုက်စားမှု၊ အာဟာရချို့တဲ့မှုနဲ့ ပြည့်တန်ဆာအမှုတွေ၊ အမျိုးသမီးများအပေါ် တစ်ဖက်သတ် ဖိနှိပ်ချုပ်ချယ်မှု၊ ဆင်းရဲချမ်းသာ ကွာဟမှု၊ မညီမျှမမျှတမှု၊ မူးယစ်ဆေးစွဲပြဿနာတွေနဲ့ လုံခြုံမှုမရှိ၊ စိတ်ကျစိုးရိမ်ရောဂါပြဿနာတွေ စတဲ့ ပြဿနာပေါင်းများစွာကို သူ့နိုင်ငံအတွင်းမှာ ဖြေရှင်းနိုင်ဖို့ အာရုံစိုက်သင့်ပါတယ်။

အနည်းဆုံးတော့ စာနာစိတ်ရှိရင် ဘင်္ဂါလီဒုက္ခသည်စခန်းတွေထဲက မူးယစ်ဆေးဝါးနဲ့ လူကုန်ကူးပြဿနာလို ရာဇဝတ်မှုတွေကို အရင်ဦးစားပေး ဖြေရှင်းသင့်ပါတယ်။ ဒီလိုအရည်အချင်းတွေကြောင့်လည်း BNP ပါတီရဲ့ နိုင်ငံရေးဟာ ကျရှုံးနိုင်ငံရေး ဖြစ်နေရခြင်းလို့ ယူဆမိပါတယ်။

အချုပ်အားဖြင့်တော့ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာနိုင်ငံကိုပျက်စီးစေလိုသူတွေဟာ နိုင်ငံ့အကျိုး မလိုလားသူတွေနဲ့ပေါင်းပြီး မပျက်ပျက်အောင် မီဒီယာအား၊ ငွေအားပုံအောသုံးပြီး အမြဲချောင်းမြောင်း၊ အမြဲတိုက်ခိုက်နေတယ်ဆိုတာ သတိရှိနေဖို့ပါပဲ။ သူတို့ဟာ မြန်မာနိုင်ငံကို လူမျိုးရေး၊ ဘာသာရေးအရ လွှမ်းမိုးဖို့ အမြဲကြိုးစားနေတယ်ဆိုတာကိုလည်း သတိမပြတ်ဖို့ လိုပါတယ်။ နယ်စပ်မျဉ်းတွေ၊ နယ်ခြားတွေရဲ့ လုံခြုံရေးကို ထိန်းချုပ်နိုင်အောင် ကြိုးစားနေရတဲ့ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နဲ့ နိုင်ငံ့ဝန်ထမ်းတွေအပေါ်မှာလည်း ယုံကြည် နားလည်ပေးဖို့ လိုအပ်ပါတယ်။

မြန်မာပြည်သူတွေအနေနဲ့ ဘင်အရေး အဖျက်အမှောင့်တွေကို မိမိတို့နှလုံးသားထဲ ဘယ်တော့မှ အထည့်မခံဘဲ အမှန်ကိုသာမြင်ဖို့ လိုပါကြောင်းနဲ့ အချင်းချင်းညီညီညွတ်ညွတ်နဲ့ အစဉ်အမြဲ သွေးမကွဲတဲ့ နိုင်ငံတော်ဖြစ်နေဖို့သာ လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ တက္ကသိုလ်/ ကောလိပ်ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၂၃) သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် တက္ကသိုလ်/ ကောလိပ် ဆရာ ဆရာမများ အထူး မွမ်းမံသင်တန်းအမှတ်စဉ် (၂၃) ၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရတနာခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ တာဝန်ခံအဖွဲ့ဝင် ဦးဆန်းမြင့်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပါမောက္ခချုပ်များ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တက္ကသိုလ်သင်ကြားစီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

**ဖွင့်လှစ်ပို့ချပေး**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်က သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည် ကြိုးပမ်း ဆောင်ရွက်ရသည့် တက္ကသိုလ်/ ကောလိပ် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် လွန်စွာ အရေးကြီးပါကြောင်း၊ မိမိတို့တာဝန်ယူ ဆောင်ရွက်ရသည့်ကဏ္ဍအလိုက်၊ရာထူးအဆင့်အလိုက် လုပ်ငန်းတာဝန်များကို တည်တည်ငြိမ်ငြိမ် မှန်မှန်ကန်ကန်ဖြင့် စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်များတွင် တက္ကသိုလ်/ကောလိပ် အသီးသီးရှိ သင်ကြားရေး ဆရာ ဆရာမများအတွက် အထူးမွမ်းမံသင်တန်းများကို ဖွင့်လှစ်ပို့ချပေးနေခြင်း ဖြစ်ပါကြောင်း။

**စံပြဖြစ်အောင်ကြိုးစား**

ဆရာ ဆရာမများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းပြီး မိမိတို့၏ပညာရေးရည်မှန်းချက်လုပ်ငန်းတာဝန်များကို တည်ငြိမ်မှန်ကန်စွာ ဆောင်ရွက်ရန် အလေးထား ပြောကြား လိုပါကြောင်း၊ တက္ကသိုလ်/ကောလိပ် ဆရာ ဆရာမများသည် ပညာရှင်များဟု အသိအမှတ်ပြုခံထားကြရသူများ ဖြစ်သည့်အတွက် ကျောင်းသား ကျောင်းသူများ အတုယူရသော စံပြပုဂ္ဂိုလ်များဖြစ်အောင် ကြိုးစားအားထုတ်ကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများပါ စည်းမျဉ်း၊ စည်းကမ်းချက်များနှင့်အညီ နိုင်ငံ့ဝန်ထမ်းများ သိရှိလိုက်နာရမည့် အချက်များကို စောင့်ထိန်း လိုက်နာသွားကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၅၄ ဦး၊ သင်တန်းသူ ၃၃၇ ဦး၊ စုစုပေါင်း ၃၉၁ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၉ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ ရက်သတ္တပါတ် ငါးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပေါင်းလောင်းရေလှောင်တမံ ရေဝင်ရောက်မှုအခြေအနေနှင့် တမံကြံ့ခိုင်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၉

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်းရေလှောင်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေနှင့် တမံကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။** (ယာပုံ)

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ဇေယျာသီရိမြို့နယ် ပေါင်းလောင်းရေလှောင်တမံသို့ ရောက်ရှိပြီး ပေါင်းလောင်းရေလှောင်တမံ ရေပိုလွှဲ၊ တမံအတွင်းရေဝင်ရောက်မှုအခြေအနေများနှင့် တမံကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တည်ဆောက်ရေး (၅) မှ ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က ပေါင်းလောင်းရေလှောင်တမံအတွင်း ရေဝင်ရောက်မှု အခြေအနေ၊ ပေါင်းလောင်းရေလှောင်တမံရေပိုလွှဲမှ ရေစတင်ကျော်ခဲ့သည့်အခြေအနေ၊ တမံနှင့် ရေပိုလွှဲကြံ့ခိုင်မှု အခြေအနေများနှင့် ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံမှ တပ်ဆင်အင်အား ၇၀ မဂ္ဂါဝပ် လေးလုံးဖြင့် နှစ်စဉ်ပျမ်းမျှ ဓာတ်အား ၉၁၁ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်ပေးလျက်ရှိသည့် အခြေအနေများကို တင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပေါင်းလောင်းရေလှောင်တမံ ကြံ့ခိုင်မှုရှိစေရန်နှင့် ရေအားလျှပ်စစ် ထုတ်လုပ်မှုကို စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည်များ အစဉ်အမြဲ လုပ်ဆောင်သွားရန် မှာကြားသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိမြို့နယ်၌ အောက်တိုဘာ ၈ ရက် ည ၉ နာရီခွဲက မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျချောင်းရေ စီးဆင်းမှုကြောင့် သတ္တသတ္တာဟစေတီ မိဂဒါဝုန်ဘေးမဲ့တောဥယျာဉ်အနီး ကားလမ်းမကြီးပေါ်တွင် တင်ကျန်နေသည့် သဲနုန်းများအား နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ်ရှိ သပြေစန်းဆည် ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၌ ၂၀၂၃ ခုနှစ် ပညာသင်နှစ်တွင် တက်ရောက်နေသော ကျောင်းသားများ ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ရေးခရီးစဉ် (Sea Training) ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၉

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) တို့၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တွင် ၂၀၂၃ ခုနှစ် ပညာသင်နှစ် တက်ရောက်ပညာသင်ကြားနေသော ဘာသာရပ်ဆိုင်ရာ ကျောင်းသားများသည် အောက်တိုဘာ ၄ ရက်မှ ၉ ရက်အထိ တပ်မတော်(ရေ)မှ စစ်ရေယာဉ် (ချင်းတွင်း) ဖြင့် ရန်ကုန်-ကိုကိုးကျွန်း-ဟိုင်းကြီးကျွန်း-ရန်ကုန် ပင်လယ်ပြင်လက်တွေ့ခရီးစဉ် (Sea Training) သွားရောက် ဆောင်ရွက်ခဲ့ကြသည်။**

အဆိုပါအဖွဲ့သည် အောက်တိုဘာ ၄ ရက် ညနေပိုင်းတွင် သီလဝါဆိပ်ကမ်း (Myanmar International Terminals Thilawa တံတားအနီး) မှ ထွက်ခွာခဲ့ရာ အောက်တိုဘာ ၅ ရက် ညနေပိုင်းတွင် ကိုကိုးကျွန်းသို့ ရောက်ရှိ ညအိပ်ရပ်နားခဲ့ပြီး အောက်တိုဘာ ၆ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်မှ ကြီးကြပ်သူများနှင့် ကျောင်းသားများအား ရန်ကုန်တိုင်း စစ်ဌာနချုပ် အမှတ် (၃) စစ်ဗျူဟာမှူး၊ ပမ္မဝတီရေတပ်စခန်း ဌာနချုပ် ဒုတိယဌာနချုပ်မှူး၊ အမှတ် (၂၈) ရေတပ် အခြေစိုက်စခန်းမှူး၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများက ကြိုဆို၍ မြို့တော်ခန်းမ၌ ကိုကိုးကျွန်းနှင့်ပတ်သက်သည့်အကြောင်းအရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ကျောင်းသားများသည် မြို့တွင်းသို့ လှည့်လည်ကြည့်ရှုလေ့လာကြပြီး အောက်တိုဘာ ၇ ရက် နံနက်တွင် ဟိုင်းကြီးကျွန်းသို့ရောက်ရှိရာ ပမ္မဝတီရေတပ်စခန်း ဌာနချုပ်ခန်းမ၌ ဌာနချုပ်မှူးက ကျောင်းသားများအား ဟိုင်းကြီးကျွန်းနှင့် ပတ်သက်သည့် ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ကြီးကြပ်သူနှင့် ကျောင်းသားများသည် မော်တင်စွန်းဘုရားသို့ သွားရောက် ဖူးမြော်ကြပြီး ညနေပိုင်းတွင် ပမ္မဝတီရေတပ်စခန်းဌာနချုပ်မှူးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။

အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ကျောင်းသားများသည် စစ်ရေယာဉ် (ချင်းတွင်း) ပေါ်တွင် Life Boat, Anchor များနှင့်သက်ဆိုင်သော လေ့လာမှုများ၊ အင်ဂျင်ပိုင်းဆိုင်ရာ လေ့လာသင်ကြားမှုများ ဆောင်ရွက်ပြီး အောက်တိုဘာ ၉ ရက် မွန်းလွဲပိုင်းတွင် သီလဝါဆိပ်ခံတံတားသို့ ပြန်လည်ရောက်ရှိရာ ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်နှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါ ခရီးစဉ်တွင် ရေကြောင်းသိပ္ပံ အထူးပြုဘာသာရပ် (Nautical Science) မှ ဒုတိယနှစ် ကျောင်းသား ၄၉ ဦး၊ တတိယနှစ် ကျောင်းသား ၅၈ ဦး၊ ရေကြောင်းအင်ဂျင်နီယာအထူးပြုဘာသာရပ် (Marine Engineering)မှ ဒုတိယနှစ် ကျောင်းသား ၄၄ ဦး၊ တတိယနှစ် ကျောင်းသား ၂၀၊ ရေကြောင်း လျှပ်စစ်နှင့်အီလက်ထရောနစ်အင်ဂျင်နီယာ အထူးပြုဘာသာရပ် (MESE) မှ ဒုတိယနှစ် ကျောင်းသား သုံးဦး၊ ရေယာဉ် တည်ဆောက်မှု အင်ဂျင်နီယာပညာ ဘာသာရပ် (Naval Architecture) မှ တတိယနှစ် ကျောင်းသား တစ်ဦး၊ စတုတ္ထနှစ် ကျောင်းသား တစ်ဦး၊ ရေကြောင်းစက်မှုအင်ဂျင်နီယာ ပညာဘာသာရပ် (Marine Mechanical) မှ တတိယနှစ် ကျောင်းသား ရှစ်ဦး၊ စတုတ္ထနှစ် ကျောင်းသား နှစ်ဦး စုစုပေါင်းကျောင်းသား ၂၁၃ ဦးနှင့် ကြီးကြပ်သူ ရှစ်ဦး လိုက်ပါဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ကျောင်းသားများအနေဖြင့် ပင်လယ်ပြင်လက်တွေ့ခရီးစဉ် (Sea Training) တွင် Daily Routine Work, Seamanship, Coastal Navigation, Cargo Work, ပင်မအင်ဂျင်များ၊ မီးစက်များ၊ ပန့်/မော်တာများ၊ အီလက်ထရောနစ်ပစ္စည်းများကိုလက်တွေ့ကိုင်တွယ်မောင်းနှင် လေ့ကျင့်သင်ကြား နိုင်ခဲ့ခြင်းကြောင့် ရေကြောင်း ပညာရပ်များကို စာတွေ့ရော လက်တွေ့ပါ ပိုမိုနားလည် သဘောပေါက်စေသည့် အကျိုးကျေးဇူးများ ရရှိစေခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၃ ခုနှစ် စီးပွားရေးဆိုင်ရာနိုဘယ်လ်ဆု ကလော်ဒီယာဂိုဒင် ရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၉**

ဆွီဒင်နိုင်ငံ တော်ဝင်သိပ္ပံအကယ်ဒမီက အမျိုးသမီး အလုပ်သမားဈေးကွက်၏ အကျိုးရလဒ်များကို နားလည်မှုတိုးတက်စေသောကြောင့် အဲလ်ဖရက် နိုဘယ်လ်အမှတ်တရအဖြစ် ပေးအပ်သည့် ၂၀၂၃ ခုနှစ်အတွက် စီးပွားရေးသိပ္ပံဆိုင်ရာ ဗီရီဂက်စ် ရစ်ဘန့်ခ်ဆုကို ကလော်ဒီယာဂိုဒင်အား ချီးမြှင့်ရန် ဆုံးဖြတ်ခဲ့ကြောင်း အောက်တိုဘာ ၉ ရက်တွင် ထုတ်ပြန်သည်။

ဂိုဒင်က ရာစုနှစ်များတစ်လျှောက် အမျိုးသမီးများ၏ ဝင်ငွေနှင့် အလုပ်သမားဈေးကွက်တွင် ပါဝင်မှု၏ ပထမဆုံးသော ပြီးပြည့်စုံသည့် အချက်အလက်များကို ပေးဆောင်ခဲ့ကြောင်း တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက မှတ်ချက်ပြုသည်။

၎င်း၏ သုတေသနရလဒ်များက ပြောင်းလဲမှုဖြစ်စေသော အကြောင်းရင်းများနှင့် ကျားမ ကွာဟမှု၏ အဓိကအရင်းအမြစ်များကို ဖော်ပြပေးနိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြသည်။

ဂိုဒင်ကို နယူးယောက်မြို့တွင် ၁၉၄၆ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၇၂ ခုနှစ်တွင် ချီကာဂိုတက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိခဲ့ပြီး ယခုအခါ ဟားဗတ်တက္ကသိုလ်တွင် ပါမောက္ခတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

ယခုပေးအပ်သည့်ဆုမှ ဆုကြေးငွေအဖြစ် ဆွီဒင်ခရိုနာ ၁၁ သန်း (အမေရိကန်ဒေါ်လာ ၁ သန်းခန့်) ရရှိမည်ဖြစ်သည်။ **ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**





## ဟားမားစ်၏ တိုက်ခိုက်မှုကြောင့် အစ္စရေးနိုင်ငံသား သေဆုံးသူ ၈၀၀ ကျော်ရှိ

**ဂျေရုဆလင် အောက်တိုဘာ ၉**

အစ္စရေးနိုင်ငံအပေါ် ပါလက်စတိုင်း အစ္စလာမ္မစ်ခုခံရေးလှုပ်ရှားမှု (ဟားမားစ်) ၏ စီးနင်းတိုက်ခိုက်မှုအတွင်း အနည်းဆုံးလူ ၈၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်း အစ္စရေးနိုင်ငံပိုင်ကန်းတီဗွီသတင်းက အောက်တိုဘာ ၉ ရက်တွင် ဖော်ပြသည်။

ဟားမားစ်အဖွဲ့၏ ပူးပေါင်းတိုက်ခိုက်မှုတွင် ဟားမားစ်စစ်သွေးကြွများသည် လုံခြုံရေးစည်းရိုးကိုဖြတ်ကျော်ကာ အနီးအနားရှိ လူမှုအသိုက်အဝန်းများကို စီးနင်းတိုက်ခိုက်မှုနှင့်အတူ အစ္စရေးနိုင်ငံ တောင်ပိုင်းနှင့် အလယ်ပိုင်းတို့ကိုလည်း ဒုံးကျည်ထောင်ပေါင်းများစွာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ဆေးရုံများမှရရှိသော အချက်အလက်များအရ စိုးရိမ်ရသည့် အခြေအနေတွင်ရှိသူ ၂၃ ဦး အပါအဝင် ထိခိုက်သူ ၂၅၀၆ ဦးအထိ တိုးလာခဲ့ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ ထို့ပြင် ဂါဇာရှိ စစ်သွေးကြွအဖွဲ့များ၏အဆိုအရ ပါလက်စတိုင်းနယ်မြေအတွင်း ဓားစာခံ ၁၃၀ ခန့်ကိုလည်း ဖမ်းဆီးထားကြောင်း သိရသည်။ **ဆင်ဟွာ**

## ပြင်းထန်သော ရာသီဥတုဆိုးရွားမှုကြောင့် ဗီယက်နမ်နိုင်ငံ၌ ခြောက်နှစ်အတွင်း ကလေးငယ် ၉၃၀၀၀၀ နေရပ်စွန့်ခွာခဲ့ရ

**ဟန္နိုင်း အောက်တိုဘာ ၉**

ဗီယက်နမ်နိုင်ငံ၌ ရေကြီးရေလျှံမှုများ၊ မုန်တိုင်းများနှင့် မိုးခေါင်ရေရှားမှုများကဲ့သို့သော ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များကြောင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ခြောက်နှစ်တာကာလအတွင်း အိုးအိမ်စွန့်ခွာခဲ့ရသည့် ကလေးငယ်ပေါင်း ၉၃၀၀၀၀ ရှိကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) ၏ ဆန်းစစ်ချက်အသစ်ကိုကိုးကား၍ အောက်တိုဘာ ၉ ရက်တွင် ဗီယက်နမ်နယူးစ်၏ ဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံတွင် ဖြစ်ပွားသော သဘာဝဘေးအန္တရာယ်တစ်ခုစီတိုင်းက ကလေးငယ်များ၏ ကျန်းမာရေးကိုသာမက ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုများကိုပါ သက်ရောက်မှုရှိသောကြောင့် ဆိုးရွားသော ရာသီဥတုအကျပ်အတည်းကို ကလေးငယ်များအနေဖြင့် ပြင်းပြင်းထန်ထန် ထိတွေ့ခံစားနေရကြောင်း ဗီယက်နမ်နိုင်ငံဆိုင်ရာ ယူနီဆက်ဖ် ကိုယ်စားလှယ် ရာနာဖလောင်းဝါးစ်က ပြောသည်။ **ဆင်ဟွာ**



ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ကောင်နမ်ပြည်နယ်တွင် မုန်တိုင်းကြောင့် သက်ကြီးရွယ်အိုနှင့်အတူ ကလေးငယ်နှစ်ဦးအား ဘတ်စ်ကားဖြင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေမှုကို တွေ့ရစဉ်။

## အာဖဂန်နစ္စတန်နိုင်ငံရှိ ငလျင်ဒုက္ခသည်များအတွက် နိုင်ငံတကာအကူအညီများ တောင်းခံ

**ကဘူးလ် အောက်တိုဘာ ၉**

လူသားချင်း စာနာထောက်ထားမှုအကူအညီပေးရေး လုပ်သားများသည် အနောက်အာဖဂန်နစ္စတန်နိုင်ငံရှိ အင်အားပြင်းငလျင်ဘေးဒုက္ခသည်များအတွက် နိုင်ငံတကာ အကူအညီများကို တောင်းဆိုလိုက်သည်။

စနေနေ့က အင်အား ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းငလျင်နှစ်ခုလှုပ်မှုကြောင့် သေဆုံးသူအရေအတွက်သည် ၂၀၅၃ ဦးအထိ မြင့်တက်လာကြောင်း တာလီဘန်အစိုးရက ပြောကြားလိုက်သည်။

နိုင်ငံတကာအဖွဲ့အစည်းများသည် ငလျင်ဒဏ်သင့်ဒေသများအတွက် အကူအညီများ စတင်ကူညီ ထောက်ပံ့လျက်ရှိသည်။

ကုလသမဂ္ဂ ကလေးများအေဂျင်စီ ယူနီဆက်ဖ်သည် အဝတ်အထည်များနှင့် တစ်ကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများကို ပေးပို့ခဲ့သည်။ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က အိမ်ထောင်စုပေါင်း ၇၀၀ ကျော်အတွက် စားနပ်ရိက္ခာများထောက်ပံ့ပေးခဲ့သည်။

အစားအသောက်များ နှင့် ဆေးဝါးများအပါအဝင် ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်း ပါကစ္စတန်က တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။ ငလျင်ဒုက္ခသည်များသည် အစားအသောက်နှင့် ဆေးဝါးများ ပြတ်တောက်မှုနှင့် ရင်ဆိုင်နေရကြောင်း အာဖဂန်ကြက်ခြေနီတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

ယခုအချိန်အထိ ဖြန့်ဝေပေးနေသော ထောက်ပံ့ရေးပစ္စည်းများသည် ငလျင်ဒုက္ခသည်များအတွက် လုံလောက်မှု မရှိသေးကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ **အင်န်အိတ်ချ်ကေ**



ငလျင်ကြောင့်ဖြစ်ပေါ်ခဲ့သော အပျက်အစီးများကို တွေ့ရစဉ်။

## ■ နိုင်ငံတကာသတင်းတိုများ

### ဂျပန်နိုင်ငံ၌ ဓာတုပစ္စည်းများကို ကိုင်တွယ်ခဲ့ပြီးနောက် လေးဦး ဆေးရုံ ပို့ဆောင်ခဲ့ရ

ဂျပန်နိုင်ငံ တိုဟိုကူရှင်ကန်ဆန် ကျည်ဆန်ရထားပေါ်တွင် ဓာတုပစ္စည်းများဟုယူဆရမည့် ပစ္စည်းများကို ထိတွေ့ကိုင်တွယ်ခဲ့ပြီးနောက် လူလေးဦးကို ဆေးရုံသို့ပို့ဆောင်ခဲ့ရကြောင်း ဂျပန်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ ထိခိုက်မှုဖြစ်ပွားခဲ့သူလေးဦးအနက် တစ်ဦးမှာ ကလေးငယ်တစ်ဦးဖြစ်ပြီး အခြားတစ်ဦးမှာ နေထိုင်မကောင်းဖြစ်ခဲ့ကြောင်းနှင့် အသက်စိုးရိမ်ရမည့် အန္တရာယ်မရှိကြောင်း သိရသည်။ စုံစမ်းစစ်ဆေးသူများသည် ဓာတုပစ္စည်းထည့်ထားသော အိတ်ပိုင်ရှင်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

### ကင်မရွန်းနိုင်ငံ မြို့တော်၌ မြေပြိုကျမှုကြောင့် သေဆုံးသူ ၂၇ ဦးအထိ တိုးလာ

ကင်မရွန်းမြို့တော် ယောင်အွန်ဒေးတွင် ယမန်နေ့ညက ဖြစ်ပွားသည့် မြေပြိုမှုဖြစ်စဉ်အတွင်း သေဆုံးသူ ၂၇ ဦးအထိ တိုးလာကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။ မြို့တော်ယောင်အွန်ဒေးအနီးတစ်ဝိုက် အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် ဘန်ကိုလိုရပ်ကွက်အနီး တောင်ကုန်းတစ်ခုမှ မြေပြိုကျခဲ့ပြီးနောက် နေအိမ်များအောက်တွင် ပိမိသေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူး နာစရီပေါလ်ဘီယားက သတင်းထောက်များအား ပြောကြားသည်။ **ဆင်ဟွာ**

# ရွှေဘိုခရိုင်အတွင်း စပါး/ဆန် ဈေးနှုန်းများ တည်ငြိမ်နေ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ အောက်တိုဘာလ ပထမပတ်တွင် စပါး/ဆန်ဈေးနှုန်းများ တည်ငြိမ်နေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ စက်တင်ဘာလနောက်ဆုံးပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၈၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၀၁၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၄၀၀၀၊ စုစုပေါင်း အိတ်ရေ ၅၇၆၀၀၊ တန်အားဖြင့် တန် ၂၈၈၀ စီးထွက်ခဲ့ပြီး အောက်တိုဘာလ ပထမပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၇၃၀၀၊ မန္တလေးသို့အိတ်ရေ ၁၇၈၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၅၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း(မြောက်) သို့ အိတ်ရေ ၅၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၁၀၀၀၊ စုစုပေါင်းအိတ်ရေ ၅၂၆၀၀၊ တန်အားဖြင့် တန် ၂၆၃၀ စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့်နှိုင်းယှဉ်လျှင် ယခုအပတ်အတွင်း အိတ်ရေ ၅၀၀၀၊ တန်အားဖြင့် တန် ၂၅၀ လျော့၍ စီးထွက်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာလ ပထမပတ်တွင် ရွှေဘိုမြို့၌ ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၃၇၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် ၂၄ ပြည်ပါတစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀၊ ရောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ နှင့် ရွှေဝါထွန်း (နွေစပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၉၀၀၀၀၀၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

DOCA (စစ်ကိုင်း)



# မွန်ပြည်နယ် ရော်ဘာစိုက်ပျိုးထွက်ရှိမှု

မွန်ပြည်နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရော်ဘာစိုက်ဧက ၅၀၆၄၄၄ ဧကရှိရာ အစေးလှီးဧက ၃၄၈၃၉၄ ဧကတွင် တစ်ဧက အထွက်နှုန်း ၁၅၅ ဒသမ ၃၇ ပေါင် စိုက်ပျိုးထွက်ရှိခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စိုက်ဧကမှာ ၅၀၄၉၈၈ ဧကဖြစ်သဖြင့် ၁၄၅၆ ဧက တိုးချဲ့စိုက်ပျိုးလာခဲ့ကြောင်း၊ ဈေးနှုန်းအနေဖြင့် အောက်တိုဘာလပထမပတ်တွင် RSS-3 တစ်ပေါင်လျှင် ငွေကျပ် ၁၆၂၀၊ RSS-5 တစ်ပေါင်လျှင် ငွေကျပ် ၁၆၀၀ ဈေးနှုန်းရှိပြီး အောက်တိုဘာ ၉ ရက်တွင် RSS-3 တစ်ပေါင်လျှင် ငွေကျပ် ၁၇၀၀၊ RSS-5 တစ်ပေါင်လျှင် ငွေကျပ် ၁၆၃၀ ဈေးနှုန်းရှိကြောင်း၊ တစ်ဧကအကျိုးအမြတ်အနေဖြင့် ငွေကျပ် ၅၁၂၇၀၀ (ရာခိုင်နှုန်း အနေဖြင့် ၅၃%) ကျော် ရရှိသည့်အတွက် ယခုနှစ်တွင် အကျိုးအမြတ်အနည်းငယ်ပိုမိုလာကြောင်း သိရသည်။

DOCA (မွန်)

# စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ အကြား ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ရခိုင်ပြည်နယ် စစ်တွေ ကုန်သွယ်ရေးစခန်းနှင့် မောင်တော ကုန်သွယ်ရေးစခန်း တို့ဖွင့်လှစ်၍ နယ်စပ်မှတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၆ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/တင်သွင်း စာရင်းများအရ ပို့ကုန် အမေရိကန်ဒေါ်လာ ဝ ဒသမ ၄၄၅၈ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းဖြင့် ၅၉ တန်၊ ဆီးဖတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၅ နှုန်းဖြင့် ၃၆ တန်၊ အုန်းသီးခြောက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀ နှုန်းဖြင့် ၄၃ တန်၊ ငါးမြစ်ချင်း (၁-၂) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၅၀ နှုန်းဖြင့် ၁၁၉ ဒသမ ဝ၄ တန်၊ ငါးမြစ်ချင်း (၂-၃) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၈၀ နှုန်းဖြင့် ၁၂၂ ဒသမ ၅၉၂ တန်၊ ငါးမြစ်ချင်း (၃-၅) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၂၀ နှုန်းဖြင့် ၆၈ ဒသမ ၈၃၂ တန်၊ ငါးသိုင်းခေါင်းပွ (၅-၈) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၆၀ နှုန်းဖြင့် ၁၂ ဒသမ ၆၂၄ တန်နှင့် ငါးသိုင်းခေါင်းပွ (၈ ကီလို အထက်)တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၀၀ နှုန်းဖြင့် ၇ ဒသမ ၃၉၂ တန်တို့ကို တင်ပို့နိုင်ခဲ့သည်။

ဒေသ ငွေလဲနှုန်းအနေဖြင့် တစ်ဒေါ်လာလျှင် ၁၁၆ ဒသမ ၅ တာကာနှင့် တစ်တာကာလျှင် ငွေကျပ်၂၈ ဒသမ၂၀ ဖြစ်ကြောင်း သိရသည်။

(DOT စစ်တွေ)

# မုံရွာမြို့နယ် ကွမ်းဈေးနှုန်း တည်ငြိမ်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင် အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေ ရရှိရန်အတွက် လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲစိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ် ကွမ်းဈေးကွက် အနေဖြင့် စက်တင်ဘာလတွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ မှ ၂၀၀၀ ဈေးနှုန်းရရှိပြီး အောက်တိုဘာလ ပထမပတ်တွင် အရည်အသွေးအပေါ် မူတည်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀-၂၂၀၀ နှုန်းဖြင့်ရောင်းချရကြောင်း၊ မိုးရာသီတွင် အထွက်နှုန်းများပြီး ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုများပြားကာ ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရသည်။

DOCA (စစ်ကိုင်း)

## ၉ - ၁၀ - ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုချောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညှော်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၈၀၀ | | ၁၆၀၀၀ | ၅၃၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၈၅၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၅၀၀ | | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၆၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၄၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၁၆၀၀၀ | ၇၃၀၀ | ၁၈၀၀၀ | ၄၅၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၄၅၀၀ |
| ၄ | တောင်ကြီး | ၃၁၀၀ | ၂၇၅၀ | ၁၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၅၅၀၀ | ၆၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၇၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၅ | လှိုင်ကော် | ၃၈၀၀ | ၂၇၀၀ | ၁၆၀၀၀ | ၄၉၀၀ | ၂၀၀၀၀ | ၃၄၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၂၇၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၅၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၂၆၀၀ | ၃၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၁၀၀ | | ၁၆၀၀၀ | ၄၇၀၀ | ၁၄၀၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၃၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၁၇၀၀၀ | ၅၁၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၆၀၀ | ၉၈၀၀ | ၉၅၀၀ | ၅၈၀၀ | ၉၀၀၀ | ၈၀၀ | ၉၅၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၁၆၀၀၀ | ၄၆၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၁၅၀၀၀ | ၄၈၀၀ | ၁၇၀၀၀ | ၃၂၀၀ | ၉၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၉၀၀ | ၆၀၀၀ | ၄၅၀၀ | ၂၈၀၀ | ၃၇၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၃၈၀၀ | ၉၅၀၀ | ၉၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၃၃၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၈၅၀ | | ၁၈၅၀၀ | | ၄၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၅၆၀၀ | | ၁၂၅၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၃၅၀၀ | ၇၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၂၃၀၀ | ၄၂၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | | ၁၅၀၀၀ | ၄၉၅၀ | ၁၆၀၀၀ | ၃၁၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၈၀၀ | ၉၂၀၀ | ၆၂၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၂၀၀ | | ၁၃၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၆၅၀ | ၇၅၀၀ | ၇၇၀၀ | ၃၀၀၀ | ၂၄၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၄၂၀၀ | | ၁၄၅၀၀ | ၄၈၀၀ | ၁၄၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၈၀၀ | ၆၇၀၀ | ၆၇၀၀ | ၃၅၀၀ | ၂၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၁၃၅၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၀၀၀ | | ၁၆၀၀၀ | ၄၈၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၉၈၀၀ | ၈၅၀၀ | | ၇၀၀၀ | ၄၅၀ | ၈၅၀၀ | ၆၅၀၀ | ၃၈၀၀ | ၂၈၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၁၅၀၀၀ | ၄၇၀၀ | ၁၆၀၀၀ | ၃၃၀၀ | ၁၀၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၅၀၀ | ၇၀၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၆၅၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၁၅၀၀၀ | ၄၇၀၀ | ၁၆၀၀၀ | ၃၃၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၂၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၆၅၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၈၀၀ | ၄၄၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၂၂၀၀၀ | ၃၀၀၀ | | ၁၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၈၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။ (၁) ညှော်မထဆန် တစ်ပြည်လျှင် လှိုင်ကော်တွင် ငွေကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပျဉ်းမနားတွင် ငွေကျပ် ၅၀၀၊ နေပြည်တော်တွင် ငွေကျပ် ၁၀၀၀၊ နနွင်းတက် တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၅၀၀၊ မြိတ်တွင် ငွေကျပ် ၂၀၀၊ ဆားတစ်ပိဿာလျှင် မုံရွာတွင် ငွေကျပ် ၁၀၀၊ မြေပဲဆန်တစ်ပိဿာလျှင် နေပြည်တော်တွင် ငွေကျပ် ၂၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် မုံရွာတွင် ငွေကျပ် ၅၀၀၊ သကြားတစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၁၀၀၊ ကြက်သားတစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၁၀၀၀၊ ဝက်သားတစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၁၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၂၀၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ပဲဆီတစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၅၀၀၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၂၀၀၊ ကလေးတွင် ငွေကျပ် ၁၀၀၀၊ စားအုန်းဆီတစ်ပိဿာလျှင် မန္တလေးတွင် ငွေကျပ် ၅၀၊ မကွေးတွင် ငွေကျပ် ၂၀၀၊ ကလေးတွင် ငွေကျပ် ၅၀၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် မော်လမြိုင်၊ မြိတ်နှင့် မကွေးတွင် ငွေကျပ် ၁၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ငွေကျပ် ၁၀၀၊ ပုသိမ်တွင် ငွေကျပ် ၂၀၀၊ မုံရွာတွင် ငွေကျပ် ၅၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၅၀၀၊ မြိတ်တွင် ငွေကျပ် ၂၀၀၊ ချင်း တစ်ပိဿာလျှင် မုံရွာတွင် ငွေကျပ် ၁၅၀၀၊ မကွေးတွင် ငွေကျပ် ၅၀၀၊ ကုလားပဲဝါ မုံရွာတွင် ငွေကျပ် ၅၀၀၊ ကလေးတွင် ငွေကျပ် ၁၀၀၊ မန်ကျည်းသီး တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၂၀၀၊ မန္တလေးတွင်ငွေကျပ် ၁၀၀၀၊ အာလူးတစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၁၀၀၊ လှိုင်ကော်၊ ရန်ကုန်နှင့် မုံရွာတွင် ငွေကျပ် ၃၀၀၊ မော်လမြိုင်တွင် ငွေကျပ် ၂၀၀၊ သကြား တစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၁၀၀၊ ကြက်သားတစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၁၀၀၀၊ ဝက်သားတစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၂၀၀၀၊ မော်လမြိုင်တွင် ငွေကျပ် ၁၀၀၀၊ ဆိတ်သားတစ်ပိဿာလျှင် တောင်ကြီးတွင် ငွေကျပ် ၁၀၀၀၊ မုံရွာတွင် ငွေကျပ် ၂၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် မုံရွာတွင် ငွေကျပ် ၁၀၀၀ ဈေးကျခဲ့ပါသည်။

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာသိကောင်းစရာများ

ဒေါက်တာသီသီထွန်း၊ ပါမောက္ခ၊ ဌာနမှူး၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်

ဒီနေ့ပို့ချချက်ဟာ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ သင်ရိုးသစ်အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုမယ့် ကျောင်းသား၊ ကျောင်းသူတွေအတွက် အင်္ဂလိပ်စာမေးခွန်းပုံစံဆိုင်ရာ သိမှတ်ဖွယ်ရာများအကြောင်းဖြစ်ပါတယ်။ အင်္ဂလိပ်စာဘာသာရပ် Grade 12 သင်ရိုးသစ်ပြဋ္ဌာန်းစာအုပ်မှာ Unit (၁၂) ခု ပါရှိပြီး Unit (၃) ခုပြီးတိုင်း ပြီးခဲ့တဲ့ Unit များနဲ့ ဆက်စပ်တဲ့ revision exercise နဲ့ ကဗျာတစ်ပုဒ်စီ ပါဝင်တယ်။ Grade 12 ပြဋ္ဌာန်းစာအုပ်မှာ reading, vocabulary, grammar, listening and speaking နဲ့ writing ဆိုတဲ့ အပိုင်း ၅ ပိုင်း ပါရှိပါတယ်။ ၂၀၂၄ ခုနှစ်မှာ ဖြေဆိုရမယ့် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်မေးခွန်းမှာ မေးခွန်းပုဒ်ရေ စုစုပေါင်း ၉ ပုဒ် မေးမှာ ဖြစ်တယ်။ အဲဒီမေးခွန်းတွေရဲ့ အများစုဟာ Grade 12 စာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီး မေးမှာဖြစ်တယ်။

**မေးခွန်းနံပါတ် ၁** ကတော့ **Complete the sentences with the appropriate words. The initial letters are given.** ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာများကို အခြေခံပြီး မေးခွန်းငယ် ၁၀ ခု မေးထားတာဖြစ်ပါတယ်။ ဝါကျတွေမှာရှိတဲ့ ကွက်လပ်လေးတွေကို သင့်လျော်တဲ့ စကားလုံးနဲ့ ဖြည့်ပေးရမှာပါ။ အဲဒီစကားလုံးရဲ့ အစ alphabet ကို ပေးထားမှာဖြစ်ပါတယ်။

ဥပမာ –

Students are e .............. about their field trip to Mount Popa as they have never been there. လို့ ပေးထားရင် သင့်လျော်တဲ့စကားလုံးဖြစ်တဲ့ excited ကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာ မလိုပါဘူး။ အဖြေပဲရေးပေးရမှာ ဖြစ်ပါတယ်။ ဒီလိုပုံစံ မေးခွန်းဟာဆိုရင် ကျောင်းသား၊ ကျောင်းသူတွေရဲ့ စကားလုံးအနက်အဓိပ္ပာယ် သေသေချာချာ သိရှိနားလည်မှုနဲ့ မှန်ကန်တဲ့ စကားလုံးသုံးနှုန်းနိုင်မှုတို့ကို စစ်ဆေးခြင်းပဲ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၂** ကတော့ **Choose the appropriate words or phrases to complete the sentences.** ဖြစ်ပါတယ်။ ကွက်လပ်ပါတဲ့ မေးခွန်း ၁၀ ခု မေးထားပါတယ်။ မေးခွန်းတစ်ခုစီမှာ ပေးထားတဲ့ စကားလုံး(၃)လုံး ထဲကနေပြီး အဲဒီဝါကျအတွက် မှန်တဲ့ စကားလုံးကို ရွေးချယ်ရမှာ ဖြစ်တယ်။

ဥပမာ –

Mission ……..! We have done what we planned to do. ဆိုတဲ့မေးခွန်းမှာ
(A) achieved (B) accomplished (C) craved လို့ပေးထားရင် အဖြေမှန်ဟာ (B) accomplished ဖြစ်ရပါမယ်။

နောက်ဥပမာတစ်ခုဖြစ်တဲ့

There .............. much environmental deterioration if we had not used too much petrol. ဆိုတဲ့မေးခွန်းမှာ
(A) would not be (B) would not have been (C) would have been လို့ပေးထားရင် သဒ္ဒါအရရော အဓိပ္ပာယ်အရပါ မှန်ကန်တဲ့ အဖြေဟာ (B) would not have been ဖြစ်ရပါမယ်။ ဒီမေးခွန်းများဟာ ကျောင်းသား၊ ကျောင်းသူများရဲ့ စကားလုံးအဓိပ္ပာယ်သိရှိမှု၊ သဒ္ဒါမှန်မှန်ကန်ကန် သုံးစွဲနိုင်မှုရှိ မရှိကို စစ်ဆေးတဲ့ မေးခွန်းဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၃** အနေနဲ့ကတော့ Stylistic Transformation ဖြစ်တဲ့အတွက် **Rewrite the sentences according to the instructions given in brackets.** လို့မေးထားတယ်။ ဝါကျ(၁၀) ကြောင်းကို ကွက်လပ်ထဲမှာ ပေးထားတဲ့ ညွှန်ကြားချက်အတိုင်း အဓိပ္ပာယ် မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ အထက်တန်းအဆင့် Grade 10၊ Grade 11 နဲ့ Grade 12 ပြဋ္ဌာန်းစာအုပ်တွေမှာရှိတဲ့ ဝါကျပုံစံတွေကို အခြေခံတဲ့ လေ့ကျင့်ခန်းများများ လေ့ကျင့်ထားရင် ဒီမေးခွန်းကို ကောင်းကောင်းဖြေဆိုနိုင်မှာ ဖြစ်တယ်။

ဥပမာ –

She speaks English fluently. She is not a native speaker. (Join the sentences, using 'as if/ as though'.)

လို့ မေးလာခဲ့ရင်

She speaks English fluently as if (as though) she were a native speaker.

လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၄** မှာ အပိုင်း ၂ ပိုင်း ပါရှိပါတယ်။ ပြဋ္ဌာန်းသင်ခန်းစာတွေ ကျေကျေညက်ညက် လေ့လာထားခြင်းရှိ၊ မရှိ စစ်ဆေးတဲ့ မေးခွန်းဖြစ်တယ်။

IV (A) ကတော့ **Write the appropriate words or groups of words to complete the lines of verse.** လို့ ပေးထားပါတယ်။ Grade 12 မှာပါတဲ့ ကဗျာတွေထဲက စာကြောင်း(၂)ကြောင်းပေးထားပြီး အဲဒီစာကြောင်းထဲမှာရှိတဲ့ ကွက်လပ်ကို ဖြည့်ပေးရမှာဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ သင်ယူထားတဲ့ ကဗျာတွေကို လေ့လာကျက်မှတ်ထားရင် ဖြေဆိုဖို့လွယ်ကူတဲ့ မေးခွန်းဖြစ်ပါတယ်။ ကွက်လပ်ကိုဖြည့်ရာမှာလည်း တိတိကျကျ ပြန်လည်ဖော်ပြဖို့နဲ့ စာလုံးပေါင်း မှားယွင်းမှုမရှိအောင် သတိထားကြဖို့လိုတယ်။

ဥပမာ –

Everything that books can bring
You'll find inside those -----------.

လို့ မေးရင် walls လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းတွေကို ပြန်ကူးရေးစရာ မလိုပါဘူး။

IV (B) ကတော့ **Answer the questions in complete sentences.** ဖြစ်ပြီး မေးခွန်း ၅ ခုကို အဓိပ္ပာယ်ပြည့်စုံတဲ့ ဝါကျနဲ့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်ငယ် ၆ မှ ၉ ကတော့ ပြဋ္ဌာန်း စာအုပ်ရှိ reading passage မှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးထားမှာ ဖြစ်ပါတယ်။

ဥပမာ –

What are the two main types of emotions?

လို့ မေးရင်

The two main types of emotions are positive and negative emotions.

လို့ ပြန်ဖြေပေးရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုရာမှာ အချက်အလက်ပြည့်စုံပြီး သဒ္ဒါမှန်ကန်ဖို့ သတိထားရပါမယ်။ မေးခွန်းနံပါတ်ငယ် ၁၀ ကတော့ ကဗျာမှာပါရှိတဲ့ စာကြောင်း ၂ ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာဖြစ်တယ်။

ဥပမာ –

I took the one less traveled by,
And that has made all the difference. လို့ ကဗျာထဲက စာကြောင်း ၂ ကြောင်းကို ပေးထားတယ်ဆိုရင် အဲဒီကဗျာစာကြောင်း ၂ ကြောင်းကို စကားပြေပြန်ပေးရမှာ ဖြစ်ပါတယ်။

ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့ အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ ဆိုလိုရင်းအဓိပ္ပာယ်နဲ့ သဒ္ဒါပါမှန်ကန်တဲ့ ဘယ်အဖြေကို မဆို လက်ခံမှာ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၅** ကတော့ Grade 12 ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာတွေထဲက ကျောင်းသား ကျောင်းသူများလေ့လာထားပြီးဖြစ်တဲ့ စာပိုဒ်တစ်ပိုဒ် (သို့မဟုတ်) စာတစ်ပိုဒ်ထက်ပိုတဲ့စာပိုဒ်များကိုပေးထားပြီး အဲဒီစာပိုဒ်တွေမှာပါတဲ့ အကြောင်းအရာတွေကို အခြေခံပြီး မေးခွန်းအမျိုးအစား ၂ မျိုးနဲ့ မေးမှာ ဖြစ်ပါတယ်။ V (A) ကတော့ **Write the correct word or words to complete each sentence.** ဖြစ်ပါတယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ဝါကျ ၅ ကြောင်းပေးထားပြီး ဝါကျတွေမှာပါရှိတဲ့ ကွက်လပ် ၁ ခုစီမှာ စကားလုံးတစ်လုံး၊ ဒါမှမဟုတ် စကားစု တစ်စု ဖြည့်ရမှာဖြစ်တယ်။ သတိပြုရမှာက ပေးထားတဲ့ ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ စာပိုဒ်ထဲမှာ "Millions of people are now inhaling polluted air, drinking impure water and consuming contaminated foods." လို့ပေးထားပြီး "Contaminated foods are being ---------- by millions of people." လို့ မေးလာရင် ပေးထားတဲ့ active verb 'consuming' ကို ပြန်ကူးရေးလို့ မရပါဘူး။ စာပိုဒ်ထဲက ဝါကျဟာ active sentence ဖြစ်နေပြီး မေးထားတဲ့ ဝါကျဟာ passive sentence ဖြစ်နေပါတယ်။ ဒီအတွက်ကြောင့် အဖြေဟာ'consumed' ဆိုတဲ့ past participle နဲ့ရေးရမှာ ဖြစ်ပါတယ်။

V (B) ကတော့ **Answer each question in one sentence.** ဖြစ်ပါတယ်။ စာပိုဒ်ထဲမှာ အကြောင်းအရာအချက်အလက်တွေနဲ့ ဆက်စပ်တဲ့ မေးခွန်း ၅ ခုကို မေးမှာဖြစ်ပြီး ပေးထားတဲ့ စာပိုဒ်ထဲက အဖြေရှာပြီး မေးခွန်းတစ်ခုစီကို ပြည့်စုံတဲ့ဝါကျတစ်ကြောင်းစီနဲ့ ဖြေပေးရမှာဖြစ်တယ်။ အမှတ်ပြည့် ရရှိဖို့အတွက် မေးခွန်းမှာမေးတဲ့ အချက်အလက် (fact)ရော၊ သဒ္ဒါ(grammar)ပါ မှန်မှန်ကန်ကန် ဖြေနိုင်အောင် လေ့ကျင့်ထားဖို့လိုတယ်။

ဥပမာ စာပိုဒ်ထဲမှာ "Pollution is directly linked to the greenhouse effect, which is actually responsible for life on Earth." လို့ပေးထားပြီး "What is directly linked to the greenhouse effect?" လို့ မေးထားတဲ့အခါ အဖြေက "Pollution is directly linked to the greenhouse effect."လို့ဖြေဆိုပေးရမှာ ဖြစ်ပါတယ်။ အရေးကြီးတာကတော့ ဆီလျော်မှန်ကန်တဲ့ အဖြေဖြစ်ရမယ်။ သင်ရိုးညွှန်းတမ်းပါ စာပိုဒ်တွေနဲ့ မေးခွန်းတွေကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို အဓိပ္ပာယ်ရှိရှိ မှန်မှန်ကန်ကန် ဖြေတတ်အောင် လေ့ကျင့်ထားဖို့ လိုတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချတာမျိုးလည်း မပြုလုပ်ကြဖို့ သတိပြုစေချင်တယ်။

နောက်**မေးခွန်း နံပါတ် ၆** ကတော့ ပြဋ္ဌာန်းစာအုပ်ထဲမှာမပါတဲ့ စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း ၁၀ ခုကို ဖြေဆိုပေးရမှာဖြစ်တယ်။ Unseen passage ဖြစ်ပေမယ့် ကျောင်းသား ကျောင်းသူတို့ language level နဲ့ ကိုက်ညီမယ့် အကြောင်းအရာတွေ ပါဝင်တဲ့ စာပိုဒ်မျိုးကို ပေးထားမှာဖြစ်ပါတယ်။ ဒီလိုမေးခွန်းများကို ဖြေဆိုတတ်အောင် ကြိုတင်လေ့ကျင့်ထားရင် ကျောင်းသားအများစု ဖြေဆိုနိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် ကျောင်းသား ကျောင်းသူတွေ စာဖတ်ပြီးနားလည်နိုင်စွမ်းကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲက အကြောင်းအရာကို တိုက်ရိုက်မမေးဘဲ ဆက်စပ်ပြီးမေးတဲ့ မေးခွန်းမျိုးတွေလည်း မေးနိုင်တယ်။ ဒီမေးခွန်းမှာလည်း စာပိုဒ်ပါ အကြောင်းအရာတွေကို မေးခွန်းအမျိုးအစား ၂ မျိုးနဲ့ မေးမှာဖြစ်ပါတယ်။

VI (A) ကတော့ **Find the bold–faced words in the passage that are similar in meaning to the following. There is an extra.** ဖြစ်တယ်။ ပေးထားတဲ့ စာပိုဒ်မှာ bold လုပ်ထားတဲ့ စကားလုံး ခြောက်လုံး ပါမှာဖြစ်တယ်။ အဲဒီစကားလုံးလေးတွေနဲ့ တွဲဖို့ အဓိပ္ပာယ်တူ စကားလုံးငါးလုံး ပေးထားတဲ့အတွက် စကားလုံး တစ်လုံး အပိုပါတာကို သတိပြုရမှာ ဖြစ်ပါတယ်။

ဥပမာ– a breakfast food made from grain လို့မေးထားခဲ့လျှင် စာပိုဒ်ရှိ bold လုပ်ထားတဲ့ အဓိပ္ပာယ်တူစကားလုံးကို ရှာပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီမေးခွန်းရဲ့အဖြေမှန် cereal ကို ရေးပေးရမှာ ဖြစ်ပါတယ်။

VI (B) ကတော့ **Answer the following questions. Give complete answers.** ပဲ ဖြစ်ပါတယ်။ မေးခွန်းရဲ့ သက်ဆိုင်တဲ့အချက် မေးထားတဲ့ အချက်ကို စာပိုဒ်မှာရှာပြီး ဖြေပေးရမှာဖြစ်တယ်။

ဥပမာ– What is the main idea of the passage? လို့ မေးခဲ့လျှင် The main idea of the passage is the importance of eating breakfast. / why we should eat breakfast/ suggestion on eating breakfast. လို့ ဖြေပေးရမှာဖြစ်ပါတယ်။ ဒီလိုမေးခွန်းမျိုးက ကျောင်းသား ကျောင်းသူတွေ စာဖတ်ပြီး နားလည်နိုင်စွမ်းရှိတဲ့ စွမ်းရည်ကို စစ်ဆေးတဲ့အနေနဲ့ စာပိုဒ်ထဲက အကြောင်းအရာကို တိုက်ရိုက်မမေးဘဲ အားလုံးကို ယေဘုယျခြုံပြီး မေးတဲ့မေးခွန်းမျိုး ဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၇** ကတော့ အပိုင်း ၂ ပိုင်းပါရှိပါတယ်။ ပထမပိုင်းကတော့ အထက်တန်းအဆင့် Grade 10၊ Grade 11 နဲ့ Grade 12 တွေမှာပါတဲ့ Listening အပိုင်းတွေကို အခြေခံပြီး မေးမှာဖြစ်ပါတယ်။

VII (A) ကတော့ **Complete the dialogue with the expressions given in the box. There is an extra.** လို့ ပေးထားမှာဖြစ်ပါတယ်။ ပေးထားတဲ့ expressions ခြောက်ခုထဲမှ ကွက်လပ်ငါးခုကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။

ဥပမာ– Yoon Yati: Hi, Sandy. ___________?
Sandy: Hi, I'm going to the library.

လို့ ပေးထားလျှင် အဖြေဟာ Where are you going လို့ ဖြေပေးရမှာ ဖြစ်ပါတယ်။

VII (B) ကတော့ **Complete the exchanges using the expressions given in the box. There is an extra.** လို့ပေးထားမှာဖြစ်တယ်။ ဒီအပိုင်းကတော့ unseen မေးခွန်းဖြစ်ပြီး ကျောင်းသား ကျောင်းသူတွေရဲ့ အပြောစွမ်းရည်ကို စစ်ဆေးတဲ့အပိုင်းဖြစ်သလို Language function နားလည်အသုံးပြုနိုင်မှုကိုလည်း စစ်ဆေးတဲ့ အပိုင်းဖြစ်ပါတယ်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

**မေးခွန်းနံပါတ် ၈** ကတော့ Letter writing ဖြစ်ပြီး **Choose a situation given below and write a letter. Do not write more than 300 words.** လို့မေးမှာဖြစ်တယ်။ ပေးထားတဲ့မေးခွန်း နှစ်ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ကိုရွေးပြီး စာလုံးရေ ၃၀၀ ထက်မပိုအောင် ရေးသား ဖြေဆိုရမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့်အချက်တွေ ကတော့ ပေးထားတဲ့ညွှန်ကြားချက်ကို သေချာဖတ်ဖို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ပထမအချက်အနေနဲ့ စာရေးသူ(Addresser) နဲ့ စာလက်ခံရရှိမယ့်သူ(Addressee)တွေကို သေသေချာချာ သတိထားပြီး ပေးထားတဲ့နာမည်နဲ့ လိပ်စာကိုသာ ရေးရမှာဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ဘာအကြောင်းအရာရေးရမလဲဆိုတာ သေသေချာချာ ဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာ ဘယ်နှခုလဲဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။

ဥပမာ –

You are **Khin Khin.** You live at **No. 5, Bogyoke Road, Pyay.** Write a letter to your friend, **Maung Maung,** who lives in Magway, telling him about the importance of learning a foreign language and encouraging him to improve his language skills.

ဆိုတဲ့မေးခွန်းကိုကြည့်ရင် addresser က Khin Khin ဖြစ်ပြီး addressee က Maung Maung ဖြစ်ပါတယ်။ အကြောင်းအရာနှစ်ချက်ပါပါတယ်။ ပထမအချက်က the importance of learning a foreign language အကြောင်းကို ရေးသားရမှာဖြစ်ပြီး ဒုတိယအချက်အနေနဲ့ encouraging him to improve his language skills လို့မေးထားတဲ့အတွက် ဘာကြောင့် အဲဒီလိုလုပ်သင့်တယ်ဆိုတာ ကျိုးကြောင်းဆီလျော်အောင်ရှင်းပြပြီး language course တွေ တက်သင့်တဲ့အကြောင်းကို တိုက်တွန်းရေးသားရမှာ ဖြစ်ပါတယ်။ အချက်နှစ်ချက်လုံးကို တိတိကျကျ ဆီလျော်မှုရှိအောင်ရေးမှ အမှတ်ကောင်းကောင်းရမှာဖြစ်ပါတယ်။ မေးခွန်းမှာမေးထားတဲ့ အကြောင်းအရာနှင့် ဆီလျော်မှုမရှိဘဲ ကျက်မှတ်ထားသမျှ ချရေးထားမယ်ဆိုရင် အမှတ်ရနိုင်မှာမဟုတ်ဘူးဆိုတာကို သတိထားရမယ်။ အချက်နှစ်ချက်လုံးကို တိတိကျကျ ဆီလျော်မှုရှိအောင်ရေးမှ အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ မေးထားတဲ့အကြောင်းအရာကို သေသေချာချာမဖတ်ဘဲ အလွတ်ကျက်ထားသမျှ အားလုံးချရေးတာမျိုးဟာ မေးထားတာနဲ့ မဆီလျော်လို့ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။

**မေးခွန်းနံပါတ် ၉** ကတော့ **Write an essay on ONE of the following. Do not write more than 500 words.** ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ် သုံးခုထဲက မိမိအပိုင်နိုင်ဆုံး ခေါင်းစဉ်တစ်ခုကို ရွေးပြီးရေးရမှာ ဖြစ်ပါတယ်။

ဥပမာ –

Importance of having a good relationship with friends

ဆိုတဲ့ opinion essay မှာ သူငယ်ချင်းတွေနဲ့ အဆင်ပြေပြေပေါင်းသင်းဆက်ဆံရေးဟာ ဘယ်လိုအရေးကြီးတယ်ဆိုတဲ့အကြောင်းကို ခိုင်လုံတဲ့ အကြောင်းပြချက်တွေပေးပြီး သေသေချာချာရှင်းပြရပါမယ်။ အဲဒီလိုမှသာ မေးထားတဲ့မေးခွန်းကို ထိထိမိမိဖြေဆိုနိုင်မှာဖြစ်ပါတယ်။

ပေးစာနဲ့ စာစီစာကုံးရေးတဲ့အခါ ထည့်သွင်းစဉ်းစားရမယ့် အချက်တွေ ရှိပါတယ်။

Content and Relevancy (ရေးသားရမည့် အကြောင်းအရာနှင့် အချက်အလက် ဆီလျော်မှုရှိခြင်း) – မိမိရေးရမယ့် အကြောင်းအရာနဲ့ ဆီလျော်တာကို ရေးရမှာဖြစ်ပါတယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးရင် အမှတ်ရမှာ မဟုတ်ပါဘူး။ ရေးရမယ့် အကြောင်းအရာနဲ့စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံရေးနိုင်ဖို့ လိုပါတယ်။

Organization and Presentation (ဖွဲ့စည်းပုံကောင်းခြင်းနှင့် တင်ပြပုံကောင်းခြင်း) – အကြောင်းအရာ အချက်အလက်တွေကို အချိတ်အဆက်မိမိနဲ့ နိဒါန်း၊ စာကိုယ်၊ နိဂုံးမှာ အစီအစဉ်ကျကျ ရေးနိုင်ရမယ်။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူစိတ်ဝင်စားအောင်လည်း ဖွဲ့နွဲ့တင်ပြနိုင်စွမ်းရှိရမယ်။

Language(စကားလုံးအသုံးအနှုန်းနှင့် သဒ္ဒါမှန်ကန်ခြင်း) – စကားလုံးများကိုသုံးရာတွင် လှလှပပနှင့် မှန်မှန်ကန်ကန်သုံးနိုင်ပြီး ဝါကျတွေကိုလည်း ပုံစံအမျိုးမျိုးနဲ့ ဖွဲ့နွဲ့ရေးသားနိုင်ရမယ်။ စာလုံးရေကန့်သတ်ထားတဲ့အတွက် စကားလုံးဖောင်းပွခြင်းမရှိဘဲ ကျစ်လျစ်တဲ့အရေးအသားဖြစ်စေဖို့သတိပြုရမှာ ဖြစ်ပါတယ်။

ပေးစာနဲ့ စာစီစာကုံးရေးရာမှာ ထပ်မံသတိပေးလိုတာကတော့ စာလုံးရေ ကန့်သတ်ထားတာကို သတိရှိဖို့ပါပဲ။ ဆီလျော်မှုရှိတဲ့ ပေးစာတွေ၊ စာစီစာကုံးတွေကို ကျစ်ကျစ်လျစ်လျစ် ထိထိမိမိ၊ သဒ္ဒါမှန်မှန်ရေးဖို့ ရည်ရွယ်ချက်နဲ့ စာလုံးရေ ကန့်သတ်ထားတာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် စာမရေးခင်မှာ မိမိရေးသားမယ့် အကြောင်းအရာကို သေသေချာချာ အစီအစဉ်ချပြီးမှ ရေးသင့်တယ်။ ဒါမှသာ မေးထားတဲ့ အချက်တွေ အားလုံးကို ထည့်သွင်းရေးသားနိုင်ပြီး အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေကို အထူးမှာချင်တာကတော့ သင်ခန်းစာအားလုံးကို သေသေချာချာ လေ့လာမှတ်သားဖို့၊ စကားလုံးတွေ၊ ဝေါဟာရတွေရဲ့ အဓိပ္ပာယ်တွေအပြင် သူတို့ကို ဘယ်လိုအသုံးပြုတယ်ဆိုတာကိုပါ သိရှိအောင် လေ့လာဖို့၊ reading comprehension တွေကို ဘယ်လိုဖြေဆိုရမယ်ဆိုတာသိရှိအောင် လေ့ကျင့်ထားဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုအပ်ပါတယ်။ ပေးစာနဲ့စာစီစာကုံးတွေကိုလည်း သတ်မှတ်ထားတဲ့ စကားလုံးအရေအတွက်အတွင်းမှာ ကျစ်ကျစ်လျစ်လျစ်နဲ့ ဆီလျော်မှန်ကန်အောင် ရေးတတ်ဖို့လည်း လေ့ကျင့်ကြပါလို့ မှာကြားလိုပါတယ်။

ကျောင်းသား ကျောင်းသူများအားလုံး ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာနဲ့ အခက်အခဲမရှိ ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

## မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမျိုးလှိုင် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားတက်ရောက်

**ဟန်ကျိုး အောက်တိုဘာ ၉**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ယမန်နေ့ ဒေသစံတော်ချိန် ည ၈ နာရီက ဟန်ကျိုးမြို့ရှိ အိုလံပစ်အားကစားကွင်း (Hangzhou Olympic Center)၌ ကျင်းပသည်။ အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E Li Qiang၊ အိုလံပစ်ကောင်စီအဖွဲ့ဝင်များ၊ အာရှအိုလံပစ်ကောင်စီ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် တရုတ်နိုင်ငံမှ အနုပညာရှင်များက ရိုးရာတေးသီချင်းများဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အိုလံပစ်ကောင်စီမှ တာဝန်ရှိသူတစ်ဦးက ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားပြီး အာရှအိုလံပစ်ကောင်စီ ခေတ္တဥက္ကဋ္ဌက အမှာစကား ပြောကြားသည်။

ယင်းနောက် အာရှအားကစားပြိုင်ပွဲ အထိမ်းအမှတ်အလံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ အိုလံပစ်ကောင်စီမှ တာဝန်ရှိသူတစ်ဦးက ဂျပန်နိုင်ငံ Aichi–Nagoya မြို့တော်ဝန်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ အကြိမ်(၂၀) မြောက် အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဂျပန်နိုင်ငံက အာရှအားကစားပြိုင်ပွဲအလံကို လက်ခံလွှဲပြောင်းရယူ၍ အထိမ်းအမှတ်အဖြစ် ရိုးရာတေးသီချင်းဖြင့် ကပြဖျော်ဖြေပြီး အိမ်ရှင်နိုင်ငံမှ နှုတ်ဆက်ဖျော်ဖြေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲကို လာမည့် ၂၀၂၆ ခုနှစ်တွင် ဂျပန်နိုင်ငံ Aichi–Nagoya မြို့ကြီးများတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့မှ အားကစားနည်း ခုနစ်နည်း ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု စုစုပေါင်း ဆုတံဆိပ်သုံးခု၊ နိုင်ငံအလိုက်အဆင့် (၂၇) ဖြင့် ရပ်တည်ခဲ့သည်။

ယနေ့တွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် တရုတ်နိုင်ငံမှ ပြန်လည်ထွက်ခွာရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့ကို အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး၊ ရန်ကုန် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဝဲပုံ) **သတင်းစဉ်**

## ဖျာပုံခရိုင် (၄) မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အားကစားနည်း ခုနစ်မျိုးပြိုင်ပွဲကျင်းပ

**ဖျာပုံ အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အဆင့် (၄)မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲကို ဖျာပုံမြို့နယ် အခြေခံပညာဦးစီးဌာနက ကြီးမှူး၍ ဖျာပုံမြို့ ပြည်သူ့အားကစားကွင်းကြီးအတွင်း အောက်တိုဘာ ၈ ရက်က ကျင်းပသည်။

အားကစားပြိုင်ပွဲဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးတင်လင်းက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်အေးမြင့်က ကျောင်းသားအားကစားပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ ကဏ္ဍတစ်ခုချင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် အားကစားနည်းအလိုက် ပြိုင်ပွဲများကျင်းပယှဉ်ပြိုင်ကြရာ ဘိုကလေးမြို့နယ် ဘောလုံးအသင်းနှင့် ဒေးဒရဲမြို့နယ် ဘောလုံးအသင်း၊ ဖျာပုံမြို့နယ် ဘောလုံးအသင်းနှင့် ကျိုက်လတ်မြို့နယ် ဘောလုံးအသင်းတို့က စတင်ယှဉ်ပြိုင်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ ကျောင်းပေါင်းစုံပြိုင်ပွဲတွင် အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများက အားကစားနည်း ခုနစ်မျိုးဖြစ်သော (ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ကြက်တောင်ရိုက်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော)စသည့် အားကစားနည်းများကို အောက်တိုဘာ ၈ ရက်မှ ၁၁ ရက်အထိ ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၅၅ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းနိုင်(ပြန်/ဆက်)**



# ကျိုက်ထိုမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ရှိ ရေဘေးသင့်ပြည်သူများအား လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များရှိ နေအိမ်များအတွင်း ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် အရှေ့တောင် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူ ၉၄၁ ဦးအား ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိသည့် ဇေယျာမွန်ရပ်ကွက်ရှိ တောရရွှေဂူကျောက်တွင်း ဘုန်းတော်ကြီးကျောင်း၊ ကော့စံနိုင်ရပ်ကွက်ရှိ တောရဘုန်းတော်ကြီး ကျောင်း ဓမ္မာရုံနှင့် မြောက်ပိုင်းရပ်ကွက်ရှိ သာသနာ့ပါလ ဘုန်းတော်ကြီး ကျောင်းသို့ ရွှေ့ပြောင်းပေးပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် ကျိုက်ထိုတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့၌ အောက်တိုဘာ ၈ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ဥက္ကံချောင်းရေများ မြင့်တက်လာမှုကြောင့် အဆိုပါမြို့ရှိ ဥက္ကံရွာမ ကျေးရွာအုပ်စု၊ ရင်းတိုက်လေးပင် ကျေးရွာအုပ်စုနှင့် မင်းရဲကျော်စွာ ရပ်ကွက်တို့မှ ရေဘေးသင့်ပြည်သူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုက်ကြီးတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးကင်းလွတ်သည့် နေရာများသို့ ကူညီကယ်ဆယ် ရွှေ့ပြောင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မှော်ဘီနှင့် လှည်းကူးမှ ရေဘေးသင့်အိမ်ထောင်စုများအား ရွှေ့ပြောင်းကူညီပေး

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှည်းကူးမြို့နယ်နှင့် မှော်ဘီမြို့နယ်များ၌ အောက်တိုဘာ ၈ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပွားလျက်ရှိရာ ကြက်ခြေနီစေတနာ လုပ်အားရှင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရွှေ့ပြောင်းကူညီပေးလျက်ရှိသည်။



မှော်ဘီမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အောက်တိုဘာ ၈ ရက် မွန်းလွဲ ၃ နာရီခန့်တွင် ဖူးကြီးရေလှောင်တမံသည် ပုံမှန်ရေပြည့်အမှတ်ထက် ပိုသောကြောင့် ရေပိုလွှဲများမှ ရေများလျှံကျလာ၍ မြောင်းတကာအုပ်စုအတွင်းရှိ ရွှေကျွန်းတောကျေးရွာ၊ အုတ်ဖိုစုကျေးရွာနှင့် နှင်းဆီမြိုင်ရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ အိမ်ထောင်စုများအား ရေဘေးလွတ်ရာ နှင်းဆီမြိုင်ရပ်ကွက် မိဂဒါဝုန်ဘုန်းကြီးကျောင်းသို့ ရွှေ့ပြောင်းကူညီပေးခဲ့သည်။

လှည်းကူးမြို့နယ်တွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပွားလျက်ရှိရာ ဇီးပင်ဝဲကျေးရွာမှ အိမ်ထောင်စု ၁၃ စုကို အောက်တိုဘာ ၇ ရက်က ရွှေ့ပြောင်းကူညီပေးခဲ့ရကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက် မြို့မဈေးအရှေ့မှ စတင်၍ ပေ ၃၀၀၀ ကျော်အထိ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးပေါ်တွင် ရေကျော်ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နေသည်ကို တွေ့မြင်ရစဉ်။ ခွန်(ဝင်းပ)

# နောင်ချိုမြို့နယ်၌ မိုးသည်းထန်ပြီး ပြည်ထောင်စုလမ်းမကြီးပေါ်၌ ရေကြီးရေလျှံမှုဖြစ်ပွား

**နောင်ချို အောက်တိုဘာ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်အတွင်း အောက်တိုဘာ ၈ ရက် နံနက် ၄ နာရီခန့်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေများစီးဆင်းမှုကြောင့် မန္တလေး-လားရှိုး- မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားကာ ယာဉ်ကြီး/ယာဉ်ငယ်များ ခေတ္တဖြတ်သန်းသွားလာ၍မရဖြစ်ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများ စီးဆင်းမှုကြောင့် Oriental Highway ကုမ္ပဏီလီမိတက်က B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မန္တလေး-လားရှိုး- မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်(၇၀/၀-၁)ကြား ကတ္တရာလမ်းမပေါ်တွင် အလျားပေ ၅၀ ခန့်၊ ရေထုအမြင့် လေးပေခန့်၊ မိုင်(၇၀/၂-၃)ကြား ကတ္တရာလမ်းမပေါ်တွင် အလျားပေ ၂၀၀ ခန့်၊ ရေထုအမြင့် လေးပေခန့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကားလမ်းရေကျော်ရာနေရာ၌ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ နောင်ချိုမြို့နယ်မှ ဦးစီးအရာရှိ(မြို့ပြ) ဦးဆောင်၍ လမ်းလုပ်သား ၁၅ ဦး၊ Loader တစ်စီးတို့ဖြင့် ယာဉ်များ သွားလာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် နံနက် ၁၁ နာရီခန့်တွင် ၁၂ ဘီးနှင့် အထက်ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်ခဲ့ပြီး နေ့လယ် ၁၂ နာရီခွဲ တွင် ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း သိရသည်။

**ထွေးငယ်(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၇ ရက်က တောင်ငူခရိုင်အတွင်း၌ တရားမဝင် သစ်မာ ၄ ဒသမ ၉၀၈ တန်၊ အခြားသစ် ၀ ဒသမ ၆၂၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၅၇၂၂)နှင့် အောက်တိုဘာ ၈ ရက်တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ ကျွန်းသစ် ၇ ဒသမ ၆၈၂ တန်နှင့် အခြားသစ် ၁ ဒသမ ၀၆၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၆၂၇၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက် ပုဏ္ဏားစု (၈)လမ်း၌ လိုင်စင်မဲ့ Mazda Bongo မော်တော်ယာဉ် တစ်စီးနှင့် Nissan Vanette မော်တော်ယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၈၁၉၉၆ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၈ ရက်က မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က မန္တလေးမြို့ ၆၇ လမ်း၊ ၁၄၅ လမ်း နှင့် ၁၄၆ လမ်းကြားရှိ ရန်လင်းအောင်ကားဂိတ် ဂိုဒေါင်နှင့် ကားဂိတ်၌ ရပ်တန့်ထားသည့် မော်တော်ယာဉ် နှစ်စီးအား စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Justus Beer ဘူး ၃၁၂၀၀၊ Esse ဆေးလိပ်ဘူး ၁၆၀၀၀၊ ဆေးမွှေး(Shikhar) ၁၇၆၀ ကီလိုဂရမ်၊ High Commissioner ဝီစကီ ပုလင်း ၉၆၀၊ Neem Coated MUKTA UREA 46% Nitrogen ၂၇၀၀၀ကီလိုဂရမ်၊ Maximus Beer ဘူး ၉၆၀၀၊ Justus Beer ဘူး ၁၉၂၀၀၊ Benson ဆေးလိပ်ဘူး ၂၂၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၃၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Nissan Diesel Truck တစ်စီးနှင့် စက်မှုဇုန်ထုတ် Htila Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၈၀၀၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်လင်းအောင်ကားဂိတ် ဂိုဒေါင်နှင့် ကားဂိတ်၌ ရပ်တန့်ထားသည့် မော်တော်ယာဉ် နှစ်စီးအား စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Justus Beer ဘူး ၃၁၂၀၀၊ Esse ဆေးလိပ်ဘူး ၁၆၀၀၀၊ ဆေးမွှေး(Shikhar) ၁၇၆၀ ကီလိုဂရမ်၊ High Commissioner ဝီစကီ ပုလင်း ၉၆၀၊ Neem

ထို့အတူ အောက်တိုဘာ ၈ ရက်က ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နမ္မတီးမြို့ မြို့အဝင်ဆိုင်းဘုတ်အနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် သုံးစီး၊ Toyota Crown မော်တော်ယာဉ် တစ်စီးနှင့် MG-5 မော်တော်ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၅၀၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၉၆၈၁၉၉၆ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## (၃၆) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ လှူဒါန်းရန်နှိုးဆော်

ရန်ကုန် အောက်တိုဘာ ၉

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၆) ကြိမ်မြောက် သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေများ ပါဝင်လှူဒါန်းနိုင်ရန် နှိုးဆော်ထားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၁- ၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## တောင်ငူ၌ ဆောင်းသီးနှံအထွက်နှုန်း ပြည့်မီရေး မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူး

တောင်ငူ အောက်တိုဘာ ၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့မှ ဆင်ဆိပ်၊ လဲဘူး၊ ထန်းကုန်း၊ စပါးကြွယ်နှင့် ဘိုကတော်ကျေးရွာအုပ်စုများရှိ တောင်သူများအား မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး၊ အထွက်ကောင်းမျိုးများ အသိပညာပေးခြင်းနှင့် တောင်သူလက်ဝယ်သို့ ဖြန့်ဖြူးပေးအပ်ပွဲကို အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ) ကျောင်းခန်းမ၌ ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်က တောင်ငူမြို့နယ်အတွင်း မြေပဲ၊ ပဲတီစိမ်းနှင့် မတ်ပဲမျိုးများ စိုက်ပျိုးမည့် တောင်သူများအနေဖြင့် နှစ်စဉ် အကျိုးစီးပွားဖြစ်ထွန်းစေရန် စိုက်ပျိုးနိုင်မည့် ရာသီအလိုက် တစ်သီးမှ နှစ်သီး၊ နှစ်သီးမှ သုံးသီးအထိ တိုးမြှင့်စိုက်ပျိုးကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစောဇော်ဇော်ဂျိမ်းစ်နှင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်ထွန်းတို့က သီးနှံများ အထွက်နှုန်းကောင်းမွန်ရေးအတွက် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကာ ယခင်နှစ် ထွက်ရှိနှုန်းထက် ပိုမိုထွက်ရှိမည့် စိုက်ပျိုးနည်းစနစ်များ၊ စိုက်ပျိုးမြေများ အောင်ရေရရှိရေးအတွက် ဆည်ရေသောက်စနစ်များဖြင့် ဖြန့်ဖြူးဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် တောင်သူများက သိရှိလိုသည်များ မေးမြန်းကြပြီး ကျေးရွာအုပ်စုအလိုက် မတ်ပဲ၊ ပဲတီစိမ်း(ရေဆင်း)မျိုးများ ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မြန်မာနိုင်ငံ ဓာတ်ပုံအသင်း ၂၀၂၃ -၂၀၂၅ အလုပ်အမှုဆောင်သစ် ရွေးချယ်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၉

မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၏ ၂၀၂၃ ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ၂၀၂၃-၂၀၂၅ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်ပွဲကို အောက်တိုဘာ ၈ ရက်က ရန်ကုန်မြို့ ကျောက်တံတား မြို့နယ်ရှိ မြန်မာနိုင်ငံဓာတ်ပုံအသင်း သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဓာတ်ပုံအသင်း နာယက အလင်္ကာကျော်စွာ ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ ပန်းချီစိုးမိုးနှင့် အသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းတို့က အမှာစကားပြောကြားပြီး အသင်းမှတ်ပုံတင် ပြန်လည်လျှောက်ထားခြင်း၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းရှင်းတမ်းတို့ကို အတည်ပြုခဲ့သည်။ ဆက်လက်ပြီး မြန်မာနိုင်ငံဓာတ်ပုံအသင်း နာယကနှင့်တာဝန်ရှိသူများက မြန်မာနိုင်ငံဓာတ်ပုံအသင်း အကဲဖြတ်ဒိုင်များနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်သည်။

၂၀၂၃-၂၀၂၅ ခုနှစ်အလုပ်အမှုဆောင်ရွေးကောက်ပွဲကိုကျင်းပရာ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုဥက္ကဋ္ဌ ဦးအောင်ထွန်းဝင်း၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း (သမဝါယမတက္ကသိုလ်)၊ တွဲဖက်အတွင်းရေးမှူး ဦးထက်အောင်၊ ဘဏ္ဍာရေးမှူး ဦးမြင့်အောင်(စက်မှု/ဆေးဝါး )၊ ပြန်ကြားရေးမှူး ဦးစိုးမင်း၊ စာကြည့်တိုက်မှူး ဒေါ်ယဉ်ယဉ်မွန်( မိုးထက်)၊ တွဲဖက်စာကြည့်တိုက်မှူး ဦးစိုပြေလင်းအပါအဝင် အလုပ်အမှုဆောင် ၁၅ ဦးကို အတည်ပြု ရွေးချယ်ခဲ့ကြောင်း သိရသည်။

အာကာလင်း

# ပဲခူးမြို့နယ်အတွင်း မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ရေတားတာပေါင်များ ရေကျော်ခဲ့မှုအပေါ် ချက်ချင်းတုံ့ပြန်ဆောင်ရွက်



ပဲခူး အောက်တိုဘာ ၉

